


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၆-၇-၆၂ ရက်နေ့၊ ရန်ကုန်မြို့၌

ဟောကြားဆုံးမတော်မူသော

# မဂ်ကံကို ကြိုးစားပါ

(၂၉၅)

၆-၇-၆၂ ရက်နေ့၊ ရန်ကုန်မြို့၌

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

# မဂ်ကံကိုကြိုးစားပါတရားတော်

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အုပ်ရေ | - | ၁၀၀၀ |
| ခုနှစ် | - | ၂၀၁၂ ခုနှစ် |
| တန်ဖိုး | - | ကျပ် |
| အဖုံးပုံနှိပ်ခြင်း | - | သန်းထိုက်ရတနာအော့ဖ်ဆက် |
| ထုတ်ဝေသူ | - | ဦးအောင်နိုင်မြင့် (မြ-၀၄၃၇၅)<br>မိုးကုတ်ဝိပဿနာနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး<br>အဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊<br>ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | ဦးဝင်းအောင် (မြ-၀၅၁၃၅)<br>သန်းထိုက်ရတနာပုံနှိပ်တိုက်<br>၈၄/၈၆၊ လမ်း ၅၀ (အလယ်)<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |



**ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏**
**မူပိုင်ဖြစ်သည်မည်သူမျှကူးယူထုတ်ဝေခြင်းမပြုရ။**



**CIP 294.3**

မိုးကုတ်ဆရာတော်ဘုရားကြီး

မဂ်ကံကို ကြိုးစားပါတရားတော်၊ ရန်ကုန်။
မိုးကုတ်ဝိပဿနာကျင့်စဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်
(၂၀၁၂)
စာ - ၅၄၊ ၈.၆၄ × ၁၃.၇၂ စင်တီ
(၁) မဂ်ကံကို ကြိုးစားပါတရားတော်။

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ

၆-၇-၆၂ ရက်နေ့ (ည)

အမရပူရမြို့ မဂ်လာတိုက်ဟောင်း

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

# မဂ်ကံကို ကြိုးစားပါတရားတော်

အလုပ်တရားဆိုတာ ဒကာ၊ ဒကာမတွေ တခြားမှတ်မနေပါနဲ့၊ လိုရင်းကိုပြောလိမ့်မယ်လို့ အောက်မေ့ရမယ်။ လိုရင်းဘယ်လိုပြောမလဲဆိုတော့ ဒကာ၊ ဒကာမတွေ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် သူတို့စကား ပြောကြတယ်၊ တရားဟောကြ၊ တရားဆွေးနွေးကြတယ်။ လူနှစ်မျိုး ဘယ်လိုဆွေးနွေးသလဲလို့ မေးတဲ့အခါကျတော့ အရှင်သာရိပုတ္တရာက အဖြေသမားဘက်က၊

## ၂ မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်တရား

အရှင်မောဂ္ဂလာန်က အမေးသမားဘက်ကလို့ မှတ်ထားကြပါနော် ... (မှန်ပါ့ဘုရား) ကွာတဲ့၊ လောကကြီးထဲမှာ လူနှစ်မျိုးရှိတယ်ဟေ့၊ လောကကြီးထဲမှာ လူနှစ်မျိုးရှိတယ်တဲ့။

ဘယ်သူပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ အညစ်အကြေးရှိလျက်နှင့် အညစ်အကြေးရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်တစ်မျိုး၊ အညစ်အကြေးရှိမှန်းသိတဲ့ပုဂ္ဂိုလ်တစ်မျိုးဆိုတော့ နှစ်မျိုးရှိတယ်။ သို့မဟုတ် ကိုယ်မှာ အညစ်အကြေးတွေကတော့ ပြည့်နေတယ်။ အဲဒီ အညစ်အကြေးရှိလျက်နှင့် အညစ်အကြေးရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်က တစ်ယောက်၊ အညစ်အကြေးရှိတာကိုပင်လျှင် အညစ်အကြေးရှိတယ်လို့ သိတဲ့ပုဂ္ဂိုလ်ကတစ်ယောက်ဆိုတော့ ဘယ်နှယောက်ရှိသတုန်း (နှစ်ယောက်ပါဘုရား)။

နှစ်ယောက်နော်။ ကနေ့ညနှစ်ယောက်ပဲ ပြောပါ့မယ်၊ ပြန်ပြောဦးမယ်။ ဒကာ၊ ဒကာမတွေ နားထောင်ကြပါ။ (၁)အညစ်အကြေးရှိနေတာကို အညစ်အကြေးရှိတယ်လို့ မသိတဲ့ပုဂ္ဂိုလ်က တစ်ယောက်၊ (၂) အညစ်အကြေးရှိတာကို အညစ်အကြေးရှိတယ်လို့ သိတဲ့ပုဂ္ဂိုလ်ကတစ်ယောက်ဆိုတော့ ဦးအောင်ဖေ ဘယ်နှယောက် ရှိသတုန်း ... (နှစ်ယောက်ရှိပါတယ်)၊ နှစ်ယောက်ရှိတယ်ဆိုတာ ဒါ သေသေချာချာ မှတ်ကြရမယ် ဒါဟာ မူလပဏ္ဏာသပါဠိတော် အနင်္ဂဏသုတ်မှာ လာတယ်လို့ မှတ်ပါ။ ဘုန်းကြီးတန်ဆာဆင်ပြောတယ်လို့ ဦးမြက မမှတ်နဲ့ (မှန်ပါ့)။

## ယုတ်တဲ့ပုဂ္ဂိုလ်နဲ့ မြတ်တဲ့ပုဂ္ဂိုလ်

မူလပဏ္ဏာသပါဠိတော် အနင်္ဂဏသုတ်မှာ လာတယ်လို့ နိုင်လုံအောင် ပြောပါတယ်။ (၁) နံပါတ် အညစ်အကြေးရှိတာကို အညစ်အကြေးရှိတယ်လို့ မသိတဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ (၂) နံပါတ်က အညစ်အကြေးရှိတာကို အညစ်အကြေးရှိတယ်လို့ သိတဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ ဘယ်သူမြတ်သတုန်းလို့မေးတော့ (၁) ပထမပုဂ္ဂိုလ်က ယုတ်တဲ့ပုဂ္ဂိုလ်၊ (၂) ဒုတိယပုဂ္ဂိုလ်က မြတ်တဲ့ပုဂ္ဂိုလ်လို့ ဆုံးဖြတ်ချက်ချပါ။ ပထမပုဂ္ဂိုလ်က ဘယ်လိုပါလိမ့် ... (ယုတ်တဲ့ပုဂ္ဂိုလ်)၊ ဒုတိယပုဂ္ဂိုလ်က ... (မြတ်တဲ့ပုဂ္ဂိုလ်)၊ အဲဒီလို အားလုံး ဒကာ၊ ဒကာမတွေ မှတ်ထားကြပါ။

ကောင်းပြီ၊ ယုတ်တဲ့ပုဂ္ဂိုလ်နဲ့ မြတ်တဲ့ပုဂ္ဂိုလ်နှစ်ယောက်တော့ လောကထဲမှာရှိတယ်၊ လောကီဥပမာနှင့် အရှင်သာရိပုတ္တရာက ဆုံးမပြန်တယ်။ အဲဒီနှစ်ယောက်ဘုရား ... တဲ့၊ ဘယ်လိုများထူးခြားပါလိမ့်မတုန်းဆိုတော့ကွာ ... တဲ့၊ ဈေးထဲက ကြေးဖလားကြီးတစ်ခု ဝယ်လာခဲ့တယ်။

## ကြေးဖလားဥပမာ

အဲဒီကြေးဖလားကြီးကို ဝယ်လာပြီး အိမ်ရောက်တဲ့အခါ မသုံးစွဲဘဲနဲ့ ချောင်ထိုးထားလိုက်တယ်။ ချောင်ထိုးထားလိုက်တဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ နဂိုကဈေးထဲက ဝယ်လာတုန်းက

လည်း အညစ်အကြေးနဲ့၊ အိမ်ကျတော့လည်း မသုံးစွဲဘဲနဲ့ ထားလိုက်ပြန်တော့ အညစ်အကြေးတက်တယ်၊ ဆေးကြောတဲ့ကိစ္စ သူ့မှာ ပါပါရဲ့လား ... (မပါပါဘုရား) မပါတော့ ဒီပုဂ္ဂိုလ်ဟာ ယုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ လွဲသေးသလား ... (မလွဲပါဘုရား) မလွဲဘူးလို့ သေသေချာချာမှတ်ရမယ် ... (မှန်ပါ့ဘုရား)။

ကောင်းပြီ ... ဒါဖြင့် အညစ်အကြေးရှိတာကို ရှိမှန်းသိတဲ့ ပုဂ္ဂိုလ်က မြတ်တဲ့ပုဂ္ဂိုလ်ဆိုသောကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမ တွေ မှတ်ရမှာက ပွတ်တိုက်ပြီးသုံးစွဲနေပြန်တော့ ညော် ... သူစျေး ထဲက ကြေးဖလားပဲ ဝယ်လာခဲ့တာပဲ၊ အိမ်ကျတော့ အညစ်အကြေး ရှိတာ၊ အညစ်အကြေးရှိမှန်းသိသောကြောင့် သူသည်ကားလို့ ဆိုလို့ရှိရင် ဆေးကြောသုတ်သင်မှုကို လုပ်တယ်။

## အညစ်အကြေးရှိတဲ့ပုဂ္ဂိုလ်

ထိုကဲ့သို့ လုပ်တဲ့ပုဂ္ဂိုလ်ကို ဦးမြ မြတ်တယ်လို့ ဆိုလိုက်ပါ တယ် ... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ သားရေး၊ သမီးရေး၊ စီးပွားရေးတွေဟာ ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲလို့ မေးလို့ရှိရင် ဒါကိလေသာ၊ ခိုင်းတာလုပ်နေတာ အညစ်အကြေးရှိတဲ့ ပုဂ္ဂိုလ်ပေါ့ ... (မှန်ပါ့) ကိလေသာခိုင်းတာလုပ်နေတာ ဘယ့်နှယ့်ဆိုကြမလဲ။ (အညစ်အကြေးရှိတဲ့ပုဂ္ဂိုလ်ပါ) အညစ်ဟာ

အညစ်အကြေးရှိတဲ့ ပုဂ္ဂိုလ်လို့ပဲ ဆုံးဖြတ်ချက်ချရမယ်။ အညစ်အကြေးရှိတဲ့ပုဂ္ဂိုလ်ဟာ အညစ်အကြေးမှုဆိုတဲ့ ဝိပဿနာအလုပ်၊ မဂ်အလုပ်ကို ဒကာ၊ ဒကာမတွေ မလုပ်တော့ဘူးဗျာ။ ချောင်ထိုးထားတာနှင့် မတူဘူးလား ... (တူပါတယ်ဘုရား)။

ဒါဖြင့် အညစ်အကြေးရှိတာကို အညစ်အကြေးရှိတယ်လို့ မသိသောကြောင့် သူက ယုတ်တဲ့ပုဂ္ဂိုလ်ကွ၊ သဘောကျကြရဲ့လား ... (မှန်ပါ ကျပါတယ်ဘုရား)၊ ယုတ်တဲ့ပုဂ္ဂိုလ်ကွ ဆိုတော့ကို ဒီဒကာ၊ ဒကာမတွေ၌...တဲ့၊ အညစ်အကြေးရှိနေတဲ့ ဥစ္စာကို အညစ်အကြေးရှိမှန်းမှ မသိတော့ကို ဦးမြ၊ ယုတ်တဲ့ပုဂ္ဂိုလ်ဆိုရတာဟာ အရှင်သာရိပုတ္တရာကို ဟောတာကို ဒကာ၊ ဒကာမတွေက နာစရာမလိုပါဘူး၊ လိုသေးသလား ... (မလိုပါဘုရား)။

မလိုပါဘူးတဲ့၊ အဲဒါကြောင့် အညစ်အကြေးရှိနေတယ်ဆိုတာကိုပင်လျှင် အညစ်အကြေးကိစ္စ ဆေးကြောသုတ်သင်ပြီး သကာလ၊ ရှင်းလင်းကြမယ်ဆိုလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေဟာ အင်မတန်မှ ကောင်းမြတ်မှာပဲဆိုတာကို၊ ရှေးဦးစွာ သတိပေးပါတယ် ... (မှန်လှပါဘုရား) ဒီလိုမှ သတိပေးမည့်လူမရှိလို့ရှိရင်ဖြင့် ညော်မွေးတုန်းကလည်း ချေးတွေ ညော်တွေနဲ့၊ သေတော့လည်း ချေးတွေ ညော်တွေနဲ့ဆိုလို့ရှိရင်ဖြင့် ကောင်းပါဦးမလား ... (မကောင်းပါဘုရား)

## လောဘဆိုတာ

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကို ယနေ့ စပြီး သကာလပြောပါရစေ။ ဩော် ... ဒီ ဒကာ၊ ဒကာမတွေ ကိုယ့်ဟာကိုယ်တော့ဖြင့် လုတယ်၊ ပတယ်လို့ ထင်နေကြတာပေါ့။ ကိလေသာအညစ်အကြေးကတော့ဖြင့် အင်မတန်ဆိုးရွားနေတယ်။ ဒါကို မဆေးကြောတော့ဘူးဆိုတော့ နံနက်၊ လောဘနဲ့ ဈေးတို့ ဘာတို့ သွားကြ ရောင်းကြ ဝယ်ကြနဲ့၊ လောဘဆိုတာ ဘာတုန်း မေးတဲ့အခါကျတော့ ပဋ္ဌာနသမုဒ္ဒာန်နဲ့ ဦးမြရှင်းလိုက်တော့ တဏှာပေါ့ ဗျာ ... (မှန်ပါ့ဘုရား)။

တဏှာလာလို့ရှိရင် ဥပါဒါန်ဆိုတဲ့ဥစ္စာကို ကျေးဇူးပြုတော့မယ် ... (မှန်ပါ့) ဥပါဒါန်ကျေးဇူးပြုလို့ရှိရင်ဖြင့် ကာယကံ ဝစီကံနှင့် ဒကာ၊ ဒကာမတွေက ပြောလိုက်၊ ဆိုလိုက်၊ အမြတ်အစွန်းရအောင် ပြောလိုက် ဆိုလိုက်၊ နှုတ်ချိုပြီး သကာလ ပြောလိုက်ဆိုလိုက်၊ ကိုယ့်ကိုယ်ကိုယ်စွံတဲ့နည်းကို ရှေးရှုပြီး သကာလ ပြောလိုက်ဆိုလိုက် ဆိုတော့ ဒါ ကာယကံ ဝစီကံပေါ့ဗျာ ... (မှန်ပါ့)၊ အထည် ဟိုလှန်ပြလိုက်၊ ဒီလှန်ပြလိုက်ဆိုလို့ရှိရင်ဖြင့် ဒါ ကာယကံ ဝစီကံ ဆိုလို့ရှိရင် လွဲပါ့မလား ... (မလွဲပါဘုရား)။

ဒါဖြင့် တဏှာ၊ ဥပါဒါန်၊ ကံ ရိပ်မိပလား ... (မှန်ပါ့ဘုရား)၊ နောက်က ဒကာ၊ ဒကာမတွေ ဘယ်လိုဆိုကြမလဲ ...

(တဏှာ ဥပါဒါန် ကံပါဘုရား)၊ တဏှာ ဥပါဒါန် ကံနော်၊ ဒါဖြင့် တဏှာ ဥပါဒါန် ကံမြောက်ပြီးသကာလနေတော့၊ ကဲ စုတိမနေ သေသွန်တဲ့အခါကျတော့ ကမ္မဘဝပစ္စယာဇာတိ၊ ဘယ်သူက တွန်းလှန်ပေးလို့ ဘယ်သူက ဖြေဖျောက်ပေးလို့ ရကြသေးရဲ့လား ... (မရပါဘုရား)။

## ဝိပဿနာဘက်က ဖွက်ပေါက်နေတယ်

ဟာ တပည့်တော်တို့ မှသားလည်း မသုံးပါဘုရား။ ကောင်းသောရောင်းခြင်း၊ ကောင်းသောဝယ်ခြင်း၊ အဲဒါ သီလဘက်က ပြောတာဟော့ ... ဝိပဿနာက ဖွက်ပေါက်နေတယ်လို့ ပြောလိုက်တယ် ... (မှန်ပါ့) ရိပ်မိကြမလား ... (ရိပ်မိပါပြီ) သီလဘက်ကတော့ ခင်ဗျားတို့ပြောတာ ဟုတ်ပါတယ်။ အဲဒီ သီလကတော့ ကျေးဇူးမများလှသေးဘူး။ သဘောပါပလား ... (ပါ ပါတယ် ဘုရား)။

ဒီသီလလောက်တော့ ဘာမျှ ကျေးဇူးမများလှသေးပါဘူး။ ဒီသီလက သာသနာတွင်းအလုပ်မှ မဟုတ်သေးဘဲ၊ သာသနာပ အလုပ်တွေရှိနေသေးတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ဒါကလေးနဲ့ ကျုပ်တို့ဖြင့် ကောင်းသောရောင်းခြင်း၊ ဝယ်ခြင်း လုပ်တာပါပဲ။ လိမ်ခြင်း၊ ကောက်ခြင်းဆိုတာ လုံးဝမထားပါဘူး။ အဲဒါကြောင့် ကျုပ်တို့တော့ အသေလည်း စိတ်ချရပါတယ်လို့ ကြွား

လုံးထုတ်မနေလိုက်ပါနဲ့၊ မနောကံဖွက်ပေါက်နေတယ်ဆိုတာ ဦးမြကြီး ရိပ်မိပလား ... (ရိပ်မိပါတယ်ဘုရား) ဒါဖြင့် မနောကံ ဖွက်ပေါက်တာကို သီလနှင့်ဆေးလို့လည်း မရဘူး ... (မရပါဘုရား) သမထနှင့် ဆေးလို့လည်း တဒင်္ဂပဲ ငြိမ်းမယ်၊ အပ္ပနာဆိုက်ရင် ဝိက္ခမ္ဘနပဲ ငြိမ်းမယ်။

# ဝိပဿနာမင်

ဝိပဿနာမင်နှင့် ဆေးမှသာလျှင် စင်းလုံးချော လွတ်မယ်ဆိုတာ ဒကာ၊ ဒကာမတွေမှတ်ထားဖို့ အရေးကြီးတယ် ... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ယနေ့ ဒီမှာ အားလုံး ဒကာရင်း၊ ဆရာရင်းတွေဖြစ်ပြီး ပြောဆိုနေတာက ခင်ဗျားတို့ ကိလေသာအညစ်အကြေးပရပွေနှင့်နေတာကို ဆေးကြောတဲ့အလုပ်ကို မလုပ်ဘူးဆိုလို့ရှိရင်ဖြင့် ဘုန်းကြီးရှင်းရှင်းပဲ ပြောပါတယ်။ ဒကာအရင်းအချာတွေမို့၊ ငါဟာဘာဖြစ်ဦးမှာတုန်းဆိုတာ ယုံမှားသံသယမရှိပါနဲ့။ ကိုယ့်ပဋိစ္စသမုပ္ပာဒ်အတိုင်း ကိုယ်သွားရမယ်ဆိုတာသာ ဆုံးဖြတ်ချက်ချပါ ... (မှန်ပါ့)၊ ဒကာ၊ ဒကာမတွေ ... (မှန်ပါ့ဘုရား)၊ ဘယ်သူ့ကို မေးစရာလိုသေးသတုန်းဗျ ... (မလိုပါဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပာဒ်အတိုင်း ကိုယ်သွားရမယ်ဆိုတာသာ ဆုံးဖြတ်ချက်ချပါလို့ ဒကာ၊ ဒကာမတွေကို သတိပေးလိုက်ပါတယ်

... (မှန်ပါ့ဘုရား)၊ ခင်ဗျားတို့ တိုက်နဲ့တာနဲ့ စိန်နဲ့ ရွှေနဲ့ ငွေနဲ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ဒါ ဝမ်းမသာလို့ ပြောတာ မဟုတ်ပါဘူး။ အကုန်လုံး ဘုန်းကြီးတို့လည်း ကိုးကွယ်ဆည်းကပ်နေကြတဲ့ ဒကာ၊ ဒကာမတွေ ဒီပုဂ္ဂိုလ်တွေချည်းပါပဲ။ သို့သော် ဝမ်းသာလို့လားဆိုတော့ မဟုတ်ပါဘူး၊ လိုသေးလို့ဖြည့်ပေးနေတယ် မှတ်ကြစမ်းပါ ... (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့် ... (လိုသေးလို့ ဖြည့်ပေးနေပါတယ် ဘုရား) လိုသေးလို့ ဖြည့်ပေးနေတယ်ဆိုတာကိုဖြင့် ယုံယုံကြည်ကြည်နဲ့ မှတ်ကြပါ ... (မှန်ပါ့) ခင်ဗျားတို့ မျက်လုံးကလေး ဖွင့်လိုက်မှာကို ဘုန်းကြီးက သိပ်ကြောက်တယ် ... (မှန်ပါ့)၊ ဒကာ၊ ဒကာမတွေ လေးလေးနက်နက်ပြောနေတယ် ... (မှန်ပါ့)။

## မျက်လုံးဖွင့်မှာကြောက်တယ်

မျက်လုံးကလေး ဖွင့်လိုက်မှာကို သိပ်ကြောက်နေတယ်။ အလွန်ပဲ ကြောက်နေတယ်။ ဒကာ၊ ဒကာမတွေ ... (ဘုရား) မျက်လုံးဖွင့်လိုက်မှာ သိပ်ကြောက်တယ် ... (မှန်ပါ့) ဘာဖြစ်လို့ ကြောက်သတုန်းလို့မေးတဲ့အခါ ဦးမြက မျက်လုံးဖွင့်ရင် ခင်ဗျားတို့ ဟာက မျက်လုံးဖွင့်ရင် လိုချင်တာလည်း လာလိမ့်မယ် ... (လာပါတယ်)၊ လိုချင်တာ လာလို့ရှိရင် တဏှာ၊ ဥပါဒါန်၊ ကံ မြောက်သွားတယ် ... (မြောက်သွားပါ့မယ် ဘုရား)။

ဟာ မျက်လုံးဖွင့်လိုက်လို့ အမြင်မတော်ပါဘူးဆိုတော့ ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာသင်္ခါရ ပြန်လှည့်တယ်။ မလှည့်ဘူးလား (လှည့်ပါတယ်) အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ သြော် မျက်လုံးဖွင့်မှာ ကြောက်လိုက်တာ၊ ဘာကြောင့်တို့ဆရာဘုန်းကြီးက ဒီလောက်တောင် ယနေ့မှလာပြီး ဒကာ၊ ဒကာမတွေ မျက်လုံးဖွင့်မှာ ကြောက်နေရသတုန်းလို့ ခင်ဗျားတို့မေးလိမ့်မယ်၊ မဖွင့်တတ်လို့ ကြောက်တာပေါ့ ... (မှန်ပါ့ဘုရား)။

# ပဋိစ္စသမုပ္ပာဒ်သုံးမျိုး

ဒကာ၊ ဒကာမတွေ ဘာဖြစ်လို့ ကြောက်သတုန်း (မဖွင့်တတ်လို့ ကြောက်တာပါ)၊ မဖွင့်တတ်လို့ ကြောက်တယ်။ မဖွင့်တတ်လို့သိပ်ကြောက်တာ၊ မကြောက်သင့်ဘူးလား ... (ကြောက်သင့်ပါတယ်)၊ မျက်လုံးပေါက်က ပဋိစ္စသမုပ္ပာဒ်သုံးမျိုးလာမယ် ... (မှန်ပါ့ဘုရား)၊ မြင်တယ်ဆိုလို့ရှိရင်ဖြင့် လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတဲ့ သုံးချက်လာတယ် ... (မှန်ပါ့ဘုရား)။

မြင်တယ်ဆိုလို့ရှိရင်ဖြင့် အလိုမကျမှုဆိုတဲ့ ဒေါသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ အဝိဇ္ဇာ၊ သင်္ခါရကျအောင် ဦးမြပြန်မလှည့်ဘူးလား ... (လှည့်ပါတယ်)။ မြင်တာကို သြော် ဒုက္ခသစ္စာမြင်တယ်လို့မှ မသိလိုက်လို့ရှိရင်ဖြင့် မြင်တာလည်း ဒုက္ခသစ္စာမြင်တာပဲ ... (မှန်ပါ့)၊ မြင်တယ်လို့ မသိလိုက်သည်နှင့် တစ်ပြိုင်နက်

တည်း အဝိဇ္ဇာပစ္စယာသင်္ခါရာက လှည့်လာတယ် ... (လှည့်ပါတယ် ဘုရား)။

အဲဒီတော့ ဒကာ၊ ဒကာမတွေမှာ ဘုန်းကြီးများ စစ်စစ်မြစ် မြစ်နှင့် တကယ့်စေတနာရင်း စေတနာမှန်နဲ့ ဦးမြ၊ ပြောရတော့မယ် ဆိုလို့ရှိရင် မျက်လုံးဖွင့်မှာကြောက်တယ် ... (မှန်ပါ့ဘုရား)၊ ဒကာ၊ ဒကာမတွေ မျက်လုံးဖွင့်မှာ ... (ကြောက်ပါတယ်) နောက်က ဒကာ၊ ဒကာမတွေရော ... (ကြောက်ပါတယ်ဘုရား) ဒီဆရာသမား နဲ့ အခုမှပဲ တွေ့ကြရတော့ ဘုန်းကြီးများက ပြောလိုတဲ့ စေတနာ၊ သိစေလိုတဲ့စေတနာ အင်မတန်များပါတယ် ... (အင်မတန် များပါ တယ်ဘုရား)။

အဲဒါကို တပည့်တော်တို့ မျက်လုံးဖွင့်မှာ ဘာဖြစ်လို့ အရှင်ဘုရားက ကြောက်ရတာတုန်းဆိုရင် ခင်ဗျားတို့ မျက်လုံးဖွင့် လိုက်ရင် ပဋိစ္စသမုပ္ပါဒ်သုံးမျိုးလာတော့မယ် ... (လာပါတယ်) သုံးမျိုး တစ်မျိုးမျိုးလာတော့မယ်။ မလာပေဘူးလား ... (လာပါ တယ်ဘုရား) ထိုကဲ့သို့ လာလို့ရှိရင်ဖြင့် မျက်လုံးဖွင့်လိုက်တာသည် ခင်ဗျားတို့ အပါယ်သွားဖို့ စီမံလိုက်တာ သေချာသွားတယ် ... (သေချာပါတယ်ဘုရား) မျက်လုံးဖွင့်လိုက်မှာ ဆရာဘုန်းကြီး ဘယ့်နှယ်ကြောင့် ဒါလောက် အရေးတကြီး ကြောက်ပါလိမ့်မလဲလို့ မေးဖို့ မလိုဘူးလား ... (လိုပါတယ် ဘုရား)။

မဖွင့်တတ်လို့ ကြောက်တာ ... (မှန်ပါ့ဘုရား) ဘာဖြစ်လို့ ကြောက်သတုန်း ... (မဖွင့်တတ်လို့ ကြောက်ပါတယ်) မဖွင့်တတ်လို့ ကြောက်တယ်၊ အားလုံးပဲ အဖြေပေးကြပါ။ ဒကာ၊ ဒကာမတို့ လိုရင်းကို ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ ... (မှန်ပါ့ဘုရား)၊ လိုရင်းကို ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ။ ဒါဖြင့် ခင်ဗျားတို့ ဒါနက - ဒါနပယ်လို့ ဟောတာ မဟုတ်ပါဘူး ... (မှန်ပါ့)၊ ကယ်နိုင်ပါ့မလား ဦးမြ ... (မကယ်နိုင်ပါဘုရား) မကယ်နိုင်ရင် ပဋိစ္စသမုပ္ပာဒ်မပြတ်ဘူး ... (မှန်ပါ့ဘုရား)။

မကယ်နိုင်ဘူးဆိုတာ သေချာပြီ။ သီလကရော ... (မကယ်နိုင်ပါဘုရား) မကယ်နိုင်ဘူးတဲ့။ ခင်ဗျားတို့ နေ့တိုင်းဘုရားရှိခိုးနေတာကလည်း ဗုဒ္ဓါနုဿတိပါပဲ ... (မှန်ပါ့) ဒါကလည်း မကယ်နိုင်ဘူး။ ဘာဖြစ်လို့တုန်း။ သူက နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် မှန်တဲ့ ပုဂ္ဂိုလ်ထားပါဦးတော့ ကိုယ်မျက်လုံးဖွင့်နေတာ၊ ကိုယ်နားထောင်နေတာနဲ့ စာလိုက်လို့ရှိရင် ဦးမြနိုင်းယှဉ်လောက်ရဲ့လား ... (မယှဉ်လောက်ပါဘုရား) မယှဉ်လောက်တော့ ခင်ဗျားတို့ဟာက တဏှာ၊ ဥပါဒန်၊ ကံ၊ ဇေါသာ၊ သောက၊ ပရိဒေဝ၊ အဝိဇ္ဇာသင်္ခါရ၊ တစ်နည်း... အဝိဇ္ဇာပစ္စယာသင်္ခါရာ ဒါပဲလှည့်နေတယ် ... (လှည့်ပါတယ်ဘုရား)

## လူတစ်သိန်းသေလို့

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်ပါတယ်။ လူတစ်သိန်းသေလို့ သုဂတိတစ်ယောက်မရောက်ပါဘူးကွာ

... (မှန်ပါ့)၊ ဒကာ၊ ဒကာမတွေဟောပြီ ...(မှန်ပါ့)၊ လူတစ်သိန်းသေလို့ ... (သုဂတိတစ်ယောက် မရောက်ပါဘုရား)၊ သုဂတိတစ်ယောက်မရောက်ပါဘူးတဲ့ ... (မှန်ပါ့)၊ ဟောသင့်သလား ... (ဟောသင့်ပါတယ်)၊ မျက်လုံးနှင့်ပဲ ချိန်ပါတော့ ... (မှန်ပါ့)၊ နားပေါက်ကလည်း ပဋိစ္စသမုပ္ပာဒ် သုံးမျိုးလာဦးမယ် ... (လာပါတယ်ဘုရား)။

မလာပေဘူးလား ... (လာပါတယ်ဘုရား)။

နှာခေါင်းပေါက်ကရော ... (လာပါတယ်ဘုရား)။

လျှာပေါက်ကရော ... (လာပါတယ့်ဘုရား)။

ကိုယ်ပေါက်ကရော ... (လာပါတယ်ဘုရား)၊ မနောပေါက်ကရော...(လာပါတယ်ဘုရား)၊ ကဲ ခြောက်သုံးလီ ... (တစ်ဆယ့်ရှစ်)၊ တစ်ဆယ့်ရှစ်ဆိုတော့ အဲဒီတစ်ဆယ့်ရှစ် လှည့်တယ် ... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဘုန်းကြီးလာလို့ ဆွမ်းကပ်တာ ဘုန်းကြီးကသာဓုမခေါ်နိုင်ဘူး။ မခေါ်နိုင်ဘူး ဘာဖြစ်လို့ မခေါ်နိုင်လဲ။ ဘုန်းကြီးဟာ သူများပစ္စည်းသုံးဆောင်မိုဝဲပြီး ဘယ့်နှယ်ကြောင့် သာဓုမခေါ်နိုင်သတုန်းလို့ မေးဖို့ မလိုပေဘူးလား ... (လိုပါတယ်ဘုရား) ခင်ဗျားတို့က အသေဆုတောင်းယူလိုက်လို့ရှိရင် ဒုက္ခရောက်သွားမှာစိုးလို့ မခေါ်ချင်ဘူး။

ဒီဆွမ်း၊ ဒီကွမ်းကြောင့် နောက်ဘဝပေါ်များရပါစေလို့၏ ဆိုရင် ဘဝသူပါနေတယ် ... (မှန်ပါ့ဘုရား)၊ ဘဝပါနေတော့ ဘဝပစ္စယာ ဇာတိ ... (ဇာတိပါဘုရား)၊ ဇာတိပစ္စယာ ဇရာမရဏံ ဆိုတော့ ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ ဆွမ်းကျွေးလိုက်တဲ့အတွက် အသေရှာတဲ့ အဝိပ္ပာယ်ရောက်ပါတယ် မရောက်ဘူးလား၊ ဆွမ်းကျွေး တဲ့အတွက် ... (အသေရှာတဲ့အဓိပ္ပာယ်ရောက်ပါတယ်ဘုရား)။

## သံသရာထဲမှာပြေးမယ်

ဆွမ်းမကျွေးခင်က ဟောနေတာနော်။ မနက်ဖြန်ကျရင် စားရတော့မယ် ... (မှန်ပါ့) မနက်ဖြန်စားရမယ် ... (မှန်ပါ့) ပြော် တို့ဆရာသမားကြွလာတယ်။ ဂုဏ်ရှိ သရေရှိ ပညာရှိ တို့တော့ ဒီလိုနေလို့မဖြစ်သေးဘူး၊ သံသရာက အရှည်ကြီး၊ အထုပ်ကလေးပါအောင် လုပ်ဦးမှာပဲလို့ မနက်ဖြန်မလုပ်ပါနဲ့ ဒကာ၊ ဒကာမတွေ ... (မှန်ပါ့)၊ မနက်ဖြန်မလုပ်ပါနဲ့ ... (မှန်ပါ့)၊ လုပ်လို့ ရှိရင် ဒီအထုပ်ထမ်းပြီး ခင်ဗျားတို့ သံသရာထဲမှာ ပြေးမယ်လို့ စိတ်ကူးတယ် ... (မှန်ပါ့ဘုရား)။

ဦးမြ ဟုတ်မှဟုတ်ရဲ့လား ... (ဟုတ်ပါတယ်ဘုရား)၊ ဒီအထုပ်ထမ်းပြေးမလို့ စိတ်ကူးတယ် ... (မှန်ပါ့ဘုရား)၊ ဒါဖြင့် ဒီအထုပ်ထမ်းပြေးရတဲ့အတွက် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မှာ ဒီအထုပ်ထမ်းပြေးရတယ်ဆိုကတည်းက နောက်ဘဝဆက်ဖို့

ပါသွားတယ် ... (မှန်ပါ့)၊ မပါဘူးလား ... (ပါ,ပါတယ်ဘုရား)၊ နောက်ဘဝဆက်ဖို့ ပါသွားလို့ရှိရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ့ဖြ ...တဲ့၊ ဆွမ်းလည်း ကျွေးရသေးရဲ့၊ သေလမ်းလည်း လျှောက်ရသေးရဲ့ ... (မှန်လှပါဘုရား)၊ သဘောပါကြရဲ့လား... (ပါပါတယ်ဘုရား)၊

ဆွမ်းလည်းကျွေးရသေးရဲ့ ... (သေလမ်းလည်း လျှောက်ရပါသေးတယ်ဘုရား)၊ သေလမ်းလည်း လျှောက်ရသေးရဲ့ဆိုတော့ ဘုန်းကြီးတော့ ဒီလိုဆွမ်းတော့ မစားချင်ဘူးဗျာ ... (မှန်လှပါဘုရား)၊ ဘာကြောင့်တုန်းဆိုတော့ ခင်ဗျားတို့ဆွမ်းစားပြီးသကာလ မင်းတို့ တောင်းတဲ့ဆုတွေ ပြည့်စုံစေကွာဆိုရင် သေပွဲကြီးတွန်းချတာပဲ ... (မှန်လှပါဘုရား)၊ ဒါ ကြမ်းတာ မဟုတ်ပါဘူးတဲ့ အမှန်ပြောတာ ... (မှန်ပါ့)၊ သဘောပါကြရဲ့လား ... (ပါ,ပါတယ်ဘုရား)၊ ကြမ်းတာ မဟုတ်ဘူးနော် ... (မှန်ပါ့ဘုရား)။

ကြမ်းတာမဟုတ်ပါဘူး။ ဒါ အမှန်ပြောတာပါ၊ ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

## နောက်ဘဝကောင်းစားရေး

ခင်ဗျားတို့က နောက်ဘဝကောင်းစားရေးလုပ်လိုက်တဲ့အခါကျတော့ကို ဇာတိမလာပေဘူးလား ... (လာပါတယ် ဘုရား)။ ဇာတိက ဒုက္ခသစ္စာ ... (တင်ပါ့ ဒုက္ခသစ္စာပါ) ဒါဖြင့် ဒုက္ခသစ္စာကို

ဆွမ်းကျွေးပြီး တောင်းယူတာ ... (မှန်လှပါဘုရား) တောင်းကောင်း မတောင်းကောင်း ... (မတောင်းကောင်းပါဘုရား) မတောင်းကောင်းဘူး၊ ဆွမ်းကျွေးပြီး တောင်းယူတယ်ဆိုကတည်းက ဘုန်းကြီးကလည်း တောင်းတဲ့ဆုအတိုင်း ပြည့်စုံပါစေဆိုတော့ မင်းတို့အဆိပ်စားသေလိုက်ကွာ ... (မှန်လှပါဘုရား) ဒီအဝိပ္ပာယ်ရောက်တယ် ... (ရောက်ပါတယ်ဘုရား)။

ဒီအဝိပ္ပာယ်မရောက်ဘူးလား ... (ရောက်ပါတယ်ဘုရား) အဲဒါကြောင့် ဘုန်းကြီးများသည် ... တဲ့။

ဒကာ၊ ဒကာမတို့ အင်မတန်သိစေချင်ပါတယ် ... (မှန်လှပါ)၊ လိုရင်းကို အင်မတန်သိစေချင်တယ်။ ရက်ကလည်း မရပါဘူး။ အင်မတန် သိစေချင်တယ်။ ရက်မရတာကလည်း ခင်ဗျားတို့ ဝမ်းမနည်းကြပါနဲ့။ ဟိုကလည်း ဘုန်းကြီးကို လိုချင်တာရက်ကို ကုန်အောင် နှိုက်ယူတယ် ... (မှန်ပါ့) ဒကာ၊ ဒကာမတွေ ... (မှန်ပါ့)၊ ကုန်အောင်နှိုက်ယူတော့ ဒီမှာ တယ်မကျန်ဘူး ... (မှန်ပါ့ဘုရား)။ ဘာပြုလို့တုန်း၊ အမှန်ပြောနေတာ ကိုး။ အမှန်ပြောတော့ အမှန်သိချင်တဲ့စိတ်က သိပ်များနေတော့ ... (မှန်ပါ့ဘုရား)။

## စုံလုံးကန်းလမ်းလျှောက်

အဲဒီတော့ ဒကာ၊ ဒကာမတို့ ခင်ဗျားတို့အတွက်မှာဖြင့် ... တဲ့။ စုံလုံးကန်း လမ်းလျှောက်တာဖြင့် ဘုန်းကြီးရှိတုန်းကို

ဖျောက်စေချင်တယ် ... (မှန်လှပါဘုရား) စုံလုံးကန်း လမ်းလျှောက်နေတယ် ... (မှန်ပါ့ဘုရား) စုံလုံးကန်းလမ်းလျှောက်တာ ဖျောက်စေချင်တယ် ... (မှန်ပါ့ဘုရား)။

## မသိလှူ

ဘာဖြစ်လို့ ဖျောက်စေချင်လဲဆိုလို့ရှိရင်ဖြင့် မသိလို့ လှူတဲ့အဓိပ္ပာယ်၊ မသိလို့ လှူလိုက်ပြီ၊ မသိတာက ဘာတုန်းလို့ မေးတဲ့အခါကျတော့ အဝိဇ္ဇာ...(မှန်ပါ့)လှူတာက သင်္ခါရ ... (မှန်ပါ့) အဝိဇ္ဇာပစ္စယာသင်္ခါရာ မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာအလုပ် လုပ်နေတာ၊ မလှူနဲ့ပော့ ... (မှန်ပါ့) ဒကာ၊ ဒကာမတွေ ဆိုထိုက်၊ မဆိုထိုက် ... (ဆိုထိုက်ပါတယ်ဘုရား) သင်္ခါရပစ္စယာဝိညာဏံဆိုတော့ ဇာတိမပေါ်သေးဘူးလား ... (ပေါ်ပါတယ်) ဒါဖြင့်ဇာတိဆိုတာ ဒုက္ခသစ္စာ ... (မှန်ပါ့)။

ဒါဖြင့် ဒုက္ခသစ္စာကို ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက သစ္စာလို့ မသိတော့ စုံလုံးကန်း လမ်းသွားသလို ချော်လဲတာ... (မှန်ပါ့ဘုရား) ရိပ်မိကြပလား ... (ရိပ်မိပါပြီဘုရား) ဘာတဲ့တုန်း... (စုံလုံးကန်းလမ်းသွားတော့ ချော်လဲတာပါ) စုံလုံးကန်းက အဝိဇ္ဇာ ... (မှန်ပါ့) သွားတာက ခုတင်က ပုညာဘိသင်္ခါရ ... (မှန်လှပါဘုရား) ချော်လဲတာက ဒါကတော့ ဝိဉာဏ် ပဋိသန္ဓေဝိဉာဏ် ... (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

## နားကြီးကြီးနဲ့ နားထောင်ပါ

ဒါဖြင့် စုံလုံးကန်းလမ်းသွားလို့ ချော်လဲတဲ့အလုပ်ကို ဘုန်းကြီးတို့က အားမပေးနိုင်ဘူး … (မှန်ပါ့) မျက်စိဖွင့်ပေးရလို့ ရှိရင် ဘုန်းကြီးကျေနပ်တယ် … (မှန်ပါ့)။ အခုမှ ဆရာ ဒကာတွေ့စ နော်။ နားကြီးကြီးနဲ့တော့ ထောင်မှ … (မှန်ပါ့ဘုရား)။ နားကြီးကြီး နဲ့တော့ ထောင်မှ၊ နားသေးရင်တော့ မရဘူး။ နားသေးလို့ ဘုန်းကြီး ကနားသေးတဲ့ဘက်ကို လိုက်လို့ရှိရင် ဒီဘုန်းကြီး ထိုးချဘုန်းကြီးသာ မှတ်ပေတော့ … (မှန်ပါ့ဘုရား) ထိုးချပဲ။ သေသေချာချာလွဲတာပဲ။ သဘောပါကြပလား … (ပါ့,ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က မသိရတဲ့အထဲမှာ အမှန်ပြောမယ့် လူနဲ့ လွဲနေလို့ရှိရင် ကိုယ်ကျိုးနည်းပြီသာ မှတ်ပေတော့ … (မှန်ပါ့) အဲဒါကြောင့် ဘုန်းကြီးများကလည်း ပြောနေကျဆိုနေကျ ဖြစ်နေတော့ ခင်ဗျားတို့က နားမလည်လည်း ငါတို့မျက်လုံးဖွင့် နေတယ်ဆိုပြီး မိတ်သာနာ … (မှန်ပါ့ဘုရား) ရိပ်မိပလား … (ရိပ်မိပါပြီ) နောက် နားလည်လာပါလိမ့်မယ် … (မှန်ပါ့) မလည် တော့ မရှိရဘူး … (မှန်ပါ့)

## ကာမွှသံကတဉာဏ်

ကိုင်း … ဒါဖြင့် စကားစပ်မိလို့ ခင်ဗျားတို့က ကံ, ကံ၏အကျိုးကို ယုံကြည်ပါကုန်သည်ဖြစ်၍ဆိုတာ လူတိုင်း

ကြားဖူးမှာပဲ ... (ကြားဖူးပါတယ်) မကြားဖူးဘူးလား ... (ကြားဖူးပါတယ်) ကြားဖူးတော့ အဲဒါ ကမ္မဿကတဉာဏ်လို့ ခေါ်တယ်... (မှန်ပါ) ဘာခေါ်ကြမယ် ... (ကမ္မဿကတဉာဏ်ခေါ်ပါတယ်ဘုရား)။

## ငရဲမျိုးစေ့

အဲဒါက ဒိဋ္ဌိကိုမပြုတ်ဘူး ... (မှန်ပါ) ရိပ်မိကြပလား ... (ရိပ်မိပါပြီ) ဒိဋ္ဌိမပြုတ်လို့ရှိရင် ငရဲမျိုးစေ့ကျန်နေတယ်... (မှန်ပါဘုရား) ဒိဋ္ဌိမပြုတ်ရင် ... (ငရဲမျိုးစေ့ကျန်ပါတယ်ဘုရား) ငရဲမျိုးစေ့ကျန်နေတယ်လို့ ဒကာ၊ ဒကာမတွေ မှတ်ပါ ... (မှန်ပါဘုရား)။

ဒါက နားကြီးကြီးနဲ့ ထောင်မှ ရတယ်ဆိုတာလည်း ထည့်ထည့်ပေးရသေးတယ် ... (မှန်ပါဘုရား) ထည့်ထည့်ပေးရသေးတယ်။ မထည့်လို့ရှိရင် ဖြစ်ကိုမဖြစ်လို့ ... (မှန်ပါ) အဲဒါကြောင့် ကမ္မဿကတဉာဏ်လောက်ကို ခင်ဗျားတို့အားကိုးနေကြလို့ရှိရင် ဖြင့် ... တဲ့။ ဒိဋ္ဌိကမပြုတ်တဲ့အတွက် ဘုန်းကြီးဥပမာပြပါမယ်။ ကလေးတွေ စွန်လွှတ်တယ်နော်။ ကလေးတွေစွန်လွှတ်တဲ့အခါ ကြိုးတစ်ဆုံးပဲ တက်မှာပဲ ... (မှန်ပါ) ပြန်ရစ်လိုက်ရင် အောက်ပြန်ကျမယ် ... (မှန်ပါဘုရား)။

အဲ ... ဒိဋ္ဌိနဲ့သွားတဲ့ ကုသိုလ်ဟူသရွေ့ ပြန်ကျတာချည်းပဲ ... (မှန်ပါဘုရား)ဒိဋ္ဌိနဲ့သွားတဲ့ ကုသိုလ်ဟူသရွေ့ ... (ပြန်ကျတာ

ချည်းပဲ) ပြန်ကျတာချည်းပဲဆိုတော့ ဘုန်းကြီးတို့က ဒီလိုမလိုချင်ဘူး ... (မှန်ပါ့) ဒိဋ္ဌိပြုတ်တဲ့ကုသိုလ်ကို လုပ်စေချင်တယ် ... (မှန်ပါ့) ကမ္မဿကတဉာဏ်ကိုပဲ ဒိဋ္ဌိပြုတ်အောင် လုပ်လို့ရပါတယ် ... (ရပါတယ်ဘုရား)။

## သစ္စာမြင်တဲ့ဉာဏ်

ကမ္မဿကတဉာဏ်နေရာမှာ ဝိပဿနာဉာဏ်ကူရုံပဲ၊ သစ္စာမြင်တဲ့ ဉာဏ်ကူပေးရုံပဲ ... (မှန်ပါ့) ကူလိုက်လို့ရှိရင် ခင်ဗျားတို့ ရွှေတိဂုံဘုရားကြီးကို ရွှေအချပ်ပေါင်း ဘယ်လောက်ချမတုန်း ... (မှန်ပါ့) ဘုန်းကြီးများက သာဓုခေါ်ပါတယ် ... (မှန်ပါ့) အသေရှာရင်တော့ဖြင့် ဦးမြ မကြိုက်ဘူး ... (မှန်လှပါဘုရား) သဘောကျပလား ... (ကျပါပြီဘုရား)။

## သစ္စာသိဖို့ အရေးကြီးတယ်

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက စောစောကပြောတယ်။ ငါ ... ကွာ ... တဲ့။ သစ္စာမသိခင်တုန်းက ဆိုလို့ရှိရင်ဖြင့် ... တဲ့၊ အသေရှိလျက်နဲ့ အသေရှာနေတယ်ကွာ။

အနာရှိလျက်နဲ့ ... (အနာရှာနေတယ်)။

အအိုရှိလျက်နဲ့ ... (အအိုရှာတယ်)။

သစ္စာမသိခင်တုန်းက ... (မှန်ပါ့) နောက်ဘဝမှာ ဇာတိဇရာမရဏဟာ ဒုက္ခသစ္စာလို့ မသိခင်တုန်းကတော့ဖြင့် ငါလည်း

လွဲနေတယ် ... (မှန်ပါ့ဘုရား) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား) ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သစ္စာသိမှုလောက် အရေးကြီးတာ ရှိကိုမရှိဘူး ... (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ နားလည်ကြရဲ့လား ... (နားလည်ပါတယ်)။ ဘာသိဖို့ အရေးကြီးသလဲ ... (သစ္စာသိဖို့အရေးကြီးပါတယ်) သစ္စာသိဖို့ အရေးကြီးတယ် ... (မှန်ပါ) သစ္စာက စာထည်းသိဖို့ ဒီလောက်အရေးမကြီးဘူး၊ ခန္ဓာထည်းပေါ်လာတဲ့ ဓမ္မ၏ သစ္စာကိုသိဖို့ ... (မှန်ပါ့) နားလည်ပလား ... (နားလည်ပါပြီဘုရား) ခန္ဓာထဲမှာ ပေါ်လာတဲ့ဓမ္မ၏ သစ္စာသိဖို့ အရေးကြီးပါတယ် ... (မှန်ပါ့ဘုရား)။

## ခန္ဓာကပြတဲ့သစ္စာ

အချို့ဆရာတွေ ဟောနေတာကို သွားပြီးအယုံအကြည်မရှိပါနဲ့ ... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီ) အချို့ စာအုပ်တွေထဲက ရေးထားတာကိုလည်း သွားပြီး အမှန်မယူလိုက်ပါနဲ့ဦး ... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီ) ကိုယ့်ဉာဏ်နဲ့ ကိုယ့်သစ္စာနဲ့ သွားတွေ့ရမယ် ... (မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာက ပြတဲ့သစ္စာနဲ့ ကိုယ်ဉာဏ်နဲ့သွားတွေ့မှ သစ္စာသိတယ် ... (မှန်ပါ့) ဦးအောင်ဖံဝေ မှတ်မိပြီလား ... (မှတ်မိပါပြီဘုရား)။

## သစ္စာဉာဏ်

ကိုယ့်ခန္ဓာက ဒုက္ခသစ္စာနဲ့ ကိုယ့်ဉာဏ်နဲ့ သွားတွေ့တော့မှ သစ္စာဉာဏ်ဖြစ်သွားတယ် ... (မှန်ပါ့) ခန္ဓာကဒုက္ခသစ္စာ ဉာဏ်က ဉာဏ်ပေါ့ဗျာ ... (မှန်ပါ့) သစ္စာနဲ့ ဉာဏ်နဲ့ ပေါင်းလိုက်တော့ ... (သစ္စာဉာဏ်) သစ္စာဉာဏ်ဖြစ်သွားတယ်။ သဘောကျပလား ... (ကျပါပြီ) ဦးမြ အဲဒီသစ္စာဉာဏ်မှုတည်ပြီးတော့မှ ဘုန်းကြီးက ကိစ္စဉာဏ်ကို ဟောရမယ် ... (မှန်ပါ့ဘုရား)။

## ခန္ဓာမှတ်တမ်း

ကိစ္စဉာဏ်ဟောပြီးတော့မှ ခင်ဗျားတို့ကိစ္စပြီးတဲ့ ကတဉာဏ်ကို ဟောမှကိုက်မယ် ... (မှန်ပါ့ဘုရား) ဦးမြ ဒါ မနာရသေးဘူး ... (မှန်ပါ့) မနာရသေးဘူးနော်။ မိုးကုတ်မှာလည်း မနာခဲ့ရဘူး။ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ စာထဲမှာ ရွတ်နေတာတွေဟာ ခန္ဓာမှတ်တမ်းလို့ မှတ်လိုက်စမ်းပါ ... (မှန်ပါ့ဘုရား) စာထဲမှာ ရေးထားတာ ဘာပါလိမ့် ... (ခန္ဓာမှတ်တမ်းပါဘုရား)။

အဲဒီတော့ ခန္ဓာမှတ်တမ်းနဲ့ အရှိမှတ်တမ်း ခင်ဗျားတို့ ဘယ်ဟာ အတည်ပြုကြမလဲ (အရှိမှတ်တမ်းအတည်ပြုရမယ်) အရှိကို အတည်ပြုရမယ် ... (မှန်ပါ့ဘုရား) အဲဒီဉာဏ်ရောက်စေချင်လို့ ဒီလောက်ရှင်းနေတာ ... (မှန်ပါ့ဘုရား) သဘောကျကြပလား

... (ကျပါပြီ) ဒါဖြင့် မှတ်တမ်းနဲ့ အရှိ ခင်ဗျားတို့ ဘယ်ဟာ အတည်ပြုကြမလဲ ... (အရှိအတည်ပြုရပါမယ် ဘုရား)။

## သစ္စာကွယ်ရင် နိဗ္ဗာန်မရောက်

အရှိကို အတည်ပြုရမယ်ဆိုတာ ဒကာ၊ ဒကာမတွေ သေသေချာချာ မှတ်ကြပါ။ နားကြီးကြီးနဲ့ ထောင်စေချင်တယ်။ နားကြီးကြီးနဲ့ ထောင်စေချင်တယ်ဆိုတာ မမှာရဘူးလား ... (မှာရပါတယ်ဘုရား)။ မှာရမယ် ... (မှန်ပါ့) မမှာလို့ရှိရင်ဖြင့် သစ္စာကွယ်မယ်။ သစ္စာကွယ်ရင် နိဗ္ဗာန်ဘယ်တော့မှ မရောက်ဘူး ... (မှန်ပါ့ဘုရား) သစ္စာကွယ်ရင် (နိဗ္ဗာန်မရောက်ပါ) ဒကာ၊ ဒကာမတွေ သေသေချာချာမှတ်ကြပါ ... (မှန်ပါ့)။

## ဆီးဖြူရွက်

သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ရတယ်လို့ ငါဘုရား ဘယ်တော့မှ မဟောဘူး ... (မှန်ပါ့ဘုရား) လောကီ ဥပမာ ငါပြောပါ့မယ်ကွာတဲ့။ ဒီမှာ ဆီးဖြူရွက်တွေရှိပါတယ်။ ဆီးဖြူရွက်ဆိုတာ သေးသေးကလေး။ အဲ ဆီးဖြူရွက်နဲ့ မင်းမောနေလို့ သောက်ရအောင် ငါရေထုပ်လာခဲ့ တယ်ဆိုရင် ဒကာ၊ ဒကာမတွေ ယုံနိုင်ပါ့မလား ... (မယုံနိုင်ပါဘုရား) ကြာဖက်နဲ့ ရေထုပ်လာခဲ့တယ်ဆိုလို့ရှိရင်ရော ... (ယုံနိုင်ပါတယ် ဘုရား)။

အဲ ... သစ္စာမသိဘဲနဲ့ ငါသောတာပန်တည်ခဲ့တယ်။ နိဗ္ဗာန်ရခဲ့တယ်ဆိုရင် ဘယ်တော့မှ မယုံနဲ့။ ဆီးဖြူရွက်နဲ့ ရေထုပ်တာကွ ... (မှန်ပါ့ဘုရား) သဘောပါပလား ... (ပါပါပြီ) ကြာဖက်နဲ့ ရေထုပ်တယ်ဆိုတဲ့ဥစ္စာက သစ္စာသိတဲ့ပုဂ္ဂိုလ်မို့ ငါနိဗ္ဗာန်ရခဲ့တယ်ဆိုလို့ရှိရင် အဲဒါကျတော့ ယုံသာယုံပါတဲ့ ... (မှန်ပါ့) သဘောပါပလား ... (ပါ၊ ပါတယ်ဘုရား)။

ဒီပြင် အကိုးအကား လုံလောက်အောင် ပြောကြပါဦးစို့ ဆိုတော့ ခုတင်က သစ္စသံယုတ်ပါဠိတော်ကို ပြောပါတယ်။ ခင်ဗျားတို့ ရထားတဲ့ ဓမ္မစကြာဝတ်အသင်းတွေပဲ။ ငါသည် အကြင်အခါ၌ ဒုက္ခသစ္စာမသိသေး။ ထိုအခါ ဘုရားဟူ၍ မကြေညာသေးဟုဆိုတယ် ... (မှန်ပါ့)။

ကဲ ... ပါဠိတော်မှာ မရှိဘူးလား ... (ရှိပါတယ်ဘုရား)။ အကြင်အခါမှာ သစ္စာကို ငါမသိသေး။ ထိုအခါ ဘုရားဟူ၍ မကြေညာသေး။ ဘုရားဆိုတော့ သောတာပန်က စတက်ရမှာ ... (မှန်ပါ့) ဘုရားမျိုးက တစ်မျိုးမဟုတ်ဘူး။ သောတာပန်က စတက်ရမှာ ... (မှန်ပါ့) ရိပ်မိကြပလား ... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အကြင်အခါ သစ္စာကို မသိသေး။ ထိုအခါ ဘုရားဟူ၍ လောကကြီး၌ ငါ မကြေညာသေးဆိုတဲ့ အဓိပ္ပာယ်ရောရှင်းပလား ... (ရှင်းပါပြီ) ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အရေးအကြီးဆုံးတရားဟာ ဘာတရားပါလိမ့် ... (သစ္စာကိုသိဖို့ အရေးကြီးပါတယ် ဘုရား) သစ္စာတရားလို့ ဆုံးဖြတ်ချက်ချပါ။

## သစ္စာမသိဘဲသေသွားတဲ့ပုဂ္ဂိုလ်

သစ္စာမသိတာ ဘယ်သူတုန်းလို့ မေးလို့ရှိရင်ဖြင့် "ဒုက္ခေ အညာဏံ"ဆိုတော့ ပါဠိတော်က ကိုးချတယ် ... (မှန်ပါ့) ဒုက္ခေ၊ ဒုက္ခသစ္စာ၌၊ အညာဏံ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ (မှန်လှပါ) သစ္စာမသိဘဲနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာနဲ့ သေသွားတာ (မှန်ပါ့ဘုရား) ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား) ဒါဖြင့် ဒီ ဒကာ၊ ဒကာမတွေထဲမှာလည်း အားလုံးပါပဲ။ ဘုန်းကြီးက သစ္စာဟောပါလိမ့်မယ်နော် ... (မှန်ပါ့)။

## အကန်းမသာ

အဲဒါ မသိဘဲနဲ့ သေသွားလို့ရှိရင် မွေးတုန်းက အကန်း၊ သေတော့လည်း အကန်းမသာမှတ်ပေတော့ ... (မှန်လှပါ)။

ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

မွေးတုန်းကတော့ ... (အကန်းပါဘုရား)။

သေတော့ရော ... (အကန်းပါဘုရား)။

အဲဒီလို အကန်းမသာဖိတ်ရင် အဲဒီလို ဖိတ်စမ်း ... (မှန်ပါ့ဘုရား) ဆိုးလွန်းလို့ ဆိုးလွန်းလို့နော် ... (မှန်ပါ့ဘုရား) ရိပ်မိကြပလား ... (ရိပ်မိပါပြီဘုရား)။

အဲဒါက ဒကာရင်း ဆရာရင်းနဲ့ ပြောတဲ့တရားလို့ သေသေချာချာမှတ်ပါ ... (မှန်ပါ့ဘုရား) အမှန်ဆုံးကိုလည်း

ဟောတယ်လို့ ဆုံးဖြတ်ချက်ချပါ ... (မှန်ပါဘုရား)၊ သဘောကျပလား ... (ကျပါပြီ ဘုရား)။ ဒကာ၊ ဒကာမတွေ ... (ဘုရား)၊ ဒါမှ မဟောလို့ရှိရင် ခင်ဗျားတို့ ရကိုမရဘူး ... (မှန်ပါ့ဘုရား) သို့သော် ဘုန်းကြီး အခုသစ္စာကို ဟောတော့မယ်ဆိုလို့ရှိရင် ခင်ဗျားတို့ ရှေ့ပိုင်းက ခင်းရပါလိမ့်မယ် ... (မှန်ပါ့)။

## ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ

သစ္စာဘယ်အချိန် ဟောရတယ်ဆိုတဲ့ဥစ္စာလည်း ခင်ဗျားတို့ သိထားနှင့်ဖို့ အရေးကြီးပါတယ် ... (မှန်ပါ့) ဒါနကထာကို ရှေးဦးစွာ ဟောမယ် ... (မှန်ပါ့)။ ပြီးတော့မှ သီလကထာကို ဟောမယ် ... (မှန်ပါ့)။ ပြီးတော့မှ သဂ္ဂကထာ နတ်ပြည်အကြောင်းကို ဟောမယ် ... (မှန်ပါ့) ပြီးတော့ အဲဒါတွေ အပြစ်ချည်းပဲလို့ပြတဲ့ ကာမာနံ အာဒီနဝကထာကို ဟောမယ် ... (မှန်ပါ့)။

အဲဒီလို ဟောလိုက်ရတဲ့အခါ ခန္ဓာကိုယ်ထဲမှာ ဩော် ဒါနကြောင့် အကျိုးပေးတာတွေလည်း အလကားပဲ။ သီလကြောင့် အသက်ရှည်နေတာတွေလည်း ဒုက္ခရှည်နေတာပဲ ... (မှန်ပါ့ဘုရား) သဘောကျပလား ... (ကျပါပြီ) ဒီကနေ သဂ္ဂကထာ ဟောလိုက်ပြန်တော့ နတ်ပြည်ကောင်းကြောင်းတွေ ဘုရားကပြောလို့ မဆုံးအောင်ဘဲ ဟောပါတယ်။ ဟောတဲ့အခါကျတော့ သူတို့တရားဘက်ကို သာယာလာကြတယ်။ အဲဒီ သာယာလာတော့ တဏှာက ဝင်လာတယ် ... (မှန်ပါဘုရား)။

## ကာမဂုဏ် ငါးပါးဆိုတာ

ဒကာ၊ ဒကာမတွေ တဏှာဝင်လာတော့မှ ထိုကာမဂုဏ်တို့၏ အပြစ်ကို အမဲရိုးပစ်လိုက်တဲ့အခါ ခွေးတစ်ကောင် အသားမပါဘဲနဲ့ ပစ်လိုက်တဲ့ အမဲရိုး လျှာနဲ့ လျက်ရုံနဲ့ ဝပါ့မလား ... (မဝပါဘုရား)။ အေး ကာမဂုဏ်ငါးပါးဆိုတာ မဝနိုင်တဲ့ အလုပ်။ ဘာမှ အသုံးမကျဘူးကွဆိုပြီးတော့ ဖျက်ပစ်လိုက်တယ် ... (မှန်ပါ့) ဖျက်လို့ ဒကာ၊ ဒကာမတွေ စိတ်ထဲမှာ ဖြူစင်လာတဲ့အချိန်မှာ သစ္စာကောက်ဟောတယ် .. (မှန်ပါ့ဘုရား)။

အဲဒီအချိန်မှာ ဟောလိုက်လို့ရှိရင်ဖြင့် ကိစ္စပြီးသွားတာပဲ ... (မှန်ပါ့) ဒါ ဘုရားဟောစဉ် ... (မှန်ပါ့) ရိပ်မိကြပလား ... (ရိပ်မိပါပြီ)။ ဒါဖြင့် ခင်ဗျားတို့ ရှေးက ဒါနကထာ ဟောလိုက်လို့ အင်မတန် ဝမ်းမြောက်သွားတယ်။ တရားမကောင်းလိုက်တာဟော့။ သိပ်ကောင်းတာပဲ။ ဒကာ၊ ဒကာမတွေ ဒါဆိုရင် သွားပြီ ... (မှန်ပါ့)။

သီလကထာ ဟောလိုက်လို့ ကောင်းလိုက်တာ၊ သွားပြီ ... (မှန်ပါ့) ဘယ့်နှယ် ကာမာနံ အာဒီနဝကထာတောင်မှ မထည့်ရသေးဘူး။ ထည့်ရပြီလား ... (မထည့်ရသေးပါ) မထည့်ရသေးတော့ သူ့မှာ ကိလေသာတန်းလန်းကြီး ဖြစ်မနေဘူးလား ... (ဖြစ်နေပါတယ်)။ ကိလေသာအညစ်အကြေးတွေ သိပ်မထူဘူးလား ...

(ထူပါတယ်) အဲဒီထူတဲ့အချိန်၊ သစ္စာ သွားမဟောနဲ့ အလကားပဲ ... (မှန်ပါ့)။

## ဘုရားဟောစဉ်

ဦးမြ ဒီလိုဆိုတော့ ဆင်ကို တန်ဆာဆင်ပြီးမှ အစွယ်ချိုးတဲ့ သဘောလုပ်ရတယ် ... (မှန်ပါ့) ပထမ ဘာဖြစ်လို့ ဆွဲရတာတုန်းလို့ ဆိုတော့ ဒါနကထာလောက်မှ မဟောလို့ရှိရင်လည်း သူတို့ နားမလည်ဘူး ... (နားမလည်ပါဘုရား၊) တရားနား ကပ်ပါ့မလား ... (မကပ်ပါဘုရား)။

သီလကထာလောက်မဟောလို့ရှိရင်လည်း ... (တရားနား မကပ်ပါ)။ သဂ္ဂကထာလောက်မှ မဟောရင်လည်း ... (တရားနား မကပ်ပါ)။ မကပ်ဘူး၊ ဒါတွေ ဟောပေးရတယ် ... (မှန်ပါ့)။ ပြီးတော့မှ မင်းတို့ နတ်ပြည်ဆိုတဲ့ဥစ္စာကွာ ခွေးအမဲရိုး ကိုက်သလိုပါ ပဲ။ ကျီးတစ်ကောင်အစာရလို့ ဝိုင်းဆိတ်သလိုပါပဲ။ ကြည့်ပါလား။ စီးပွားရေးမှာ ဝိုင်းဆိတ်နေကြတယ်။ ... (မှန်ပါ့)။

ဥပမာ လူတစ်ယောက်က ကုန်တစ်မျိုးထွင်လိုက်တယ်ဆိုရင် အတုလိုက်လာတာပဲ။ ကြည့်ပါလား ဝိုင်းဆိတ်တာ။ ရိပ်မိပလား ... (ရိပ်မိပါပြီ) အဲဒီတော့ ကာမဂုဏ်ဟာ ကျီးတစ်ကောင် အစာရ တာနဲ့ ထူးကြသေးရဲ့လား ... (မထူးပါ)။ ဝိုင်းဆိတ်ကြတာပဲ ... (ဝိုင်းဆိတ်တာပါပဲဘုရား)။ သဘောပါပလား ... (ပါ့ပါပြီ)။

အဲဒါကြောင့် ကာမဂုဏ်အပြစ်တွေ အဲဒီလိုပြောလို့ စင်လာတဲ့အချိန် ကျမှ သစ္စာကောက်ဟောတယ် ... (မှန်ပါ)။ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သစ္စာသူ့အချိန်နဲ့သူ ဟောရတယ်ဆိုတာ ဒကာ၊ ဒကာမတွေမှတ်လိုက်ကြစမ်းပါ ... (မှန်ပါ) သူ့အချိန်နဲ့သူ မဟောရပေဘူးလား ... (ဟောရပါတယ်) အဲဒါကြောင့် ဒါ ဘုရား ဟောစဉ်လို့ မှတ်လိုက်ကြစမ်းပါ ... (မှန်ပါဘုရား)။ ဘုရားဟောစဉ်နော်။ ဥပါလိတို့ ဟောတာလည်း ဒီအတိုင်းဟောနေ တာပဲ ... (မှန်ပါဘုရား)။

## လုံ့အချက်သုံးရာ

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတွေ သစ္စာဆိုတာ သစ္စာ များဟာ ဒုက္ခသစ္စာတစ်လုံး ပိုင်ပိုင်နိုင်နိုင် ဟောတတ်တဲ့ဆရာနဲ့ မင်းတို့နားထောင်ပြီး တွေ့ကြမယ်ဆိုလို့ရှိရင်ကွာတဲ့။ ဟောတဲ့ဆရာ က အင်မတန် ဈေးကိုင်နေလို့ မင်းကို နံနက် လုံ့အချက်သုံးရာ ထိုးမယ် ... (မှန်ပါ) နေ့လယ် လုံ့အချက်သုံးရာထိုးမယ် ... (မှန်ပါ) ... ညနေ လုံ့အချက်သုံးရာထိုးမယ်။ အဲဒါ အသက်တစ်ရာ တွင်းထိုးမယ် ... (မှန်ပါ) နောက်ဆုံးပိတ်ကျမှ မင်းကိုသစ္စာဟောမယ် ဆိုရင် အဲဒါ ခံလိုက်ကွ ... (မှန်ပါဘုရား) သဘောကျပလား ... (ကျပါပြီ)။ ဘာဖြစ်လို့တုန်းဆို အရေးကြီးလို့ ... (အရေးကြီးလို့ပါ) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သစ္စာမသိသေးလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ဘာလုပ်လုပ် အဝိဇ္ဇာနဲ့ လုပ်တာချည်းမှတ် ... (မှန်ပါ့)။ သစ္စာမသိသေးရင် ... (အဝိဇ္ဇာနဲ့လုပ်တာ) အဝိဇ္ဇာနဲ့ အလုပ်လုပ်နေတယ်မှတ်ပါ ... (မှန်ပါ့)။ ရှင်းကြပလား ... (ရှင်းပါပြီ)။ သစ္စာမသိသေးလို့ ... (အဝိဇ္ဇာနဲ့ အလုပ်လုပ်တာ) အဝိဇ္ဇာနဲ့ အလုပ်လုပ်နေလို့ရှိရင် "အဝိဇ္ဇာပစ္စယာသင်္ခါရာ"အပြင်ဘက် ထွက်နိုင်ကြပါ့မလား ... (မထွက်နိုင်ပါဘုရား)။

မထွက်နိုင်လို့ရှိရင် နိဗ္ဗာန်မရပါဘူး ... (မရပါ)။ မယုံလို့ရှိရင် ဦးမြကြ ရွတ်ကြည့်လိုက်။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာတွင်ရပ်ပြီးသူအဆုံးရွတ်ကြည့်လိုက်။ ရှည်နေမှာစိုးလို့ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ၊ မလာဘူးလား ... (လာပါတယ်) ဒါ ချုပ်လိုက်ပါ တော့ ... (မှန်ပါ့ဘုရား)။

ဒီထဲက ခင်ဗျားရပြီးသားပဲ ထားပါတော့ ... (ရပြီးသားပါပဲဘုရား)။

## သစ္စာမသိတဲ့ပုဂ္ဂိုလ်

သစ္စာမသိတဲ့ ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာပဲမဟုတ်လား ... (အဝိဇ္ဇာပါပဲ) အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်ဟာ သင်္ခါရလုပ်မယ် ... (မှန်ပါ့)။ သင်္ခါရလုပ်လို့ရှိရင် ဟိုဘက် ဘာရမတုန်းမေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ ... (ဒုက္ခက္ခန္ဓဿ) ဒုက္ခက္ခန္ဓဿ၊ ဒုက္ခအစုကြီးရမယ်လို့ ဘုရားက

သေသေချာချာ ဟောပါတယ် ... (မှန်ပါ့) ဟုတ် မဟုတ်လည်း ကိုယ်ကိုယ်တိုင် ခန္ဓာထဲမှာစဉ်းစားကြည့်ကြ။ ဟုတ်ပါတယ်။ သဘော ကျပလား ... (ကျပါပြီဘုရား)။

ဒါဖြင့် သစ္စာကို ဘုန်းကြီးများက သိပ်အရေးတကြီး ပြောချင် တာပဲ ... (မှန်ပါ့)။ ဒါမှမပြောရလို့ရှိရင်လည်း ဒကာ၊ ဒကာမတွေ ဒီတရားပွဲဟာ အလကားပါပဲကွာ (မှန်ပါ့)။ ဒါယကာ ဒါယိကာမတွေ သစ္စာမဟောရလို့ရှိရင် (အလကားပဲဘုရား) မဆိုထိုက်ဘူးလား ... (ဆိုထိုက်ပါတယ်ဘုရား)။

သစ္စာ ခင်ဗျားတို့ကလည်း မနာရဘူး။ ဘုန်းကြီးကလည်းပဲ ဟောတဲ့အထဲ သစ္စာမပါဘူးဆိုလို့ရှိရင်ဖြင့် နဂိုကအကန်းကို ဟုတ်လား ... (မှန်ပါ့)။ ဆေးမှားပြီးသကာလ လိမ်းမိတာနဲ့ တူဦးမှာပဲ ... (မှန်ပါ့)။ ကဲ ... ဒကာ၊ ဒကာမတွေ ကျေနပ်ရဲ့လား ... (ကျေနပ်ပါတယ်ဘုရား)။ ဒါကြောင့် ခင်ဗျားတို့ ဒကာရင်း ဆရာရင်း တွေကျတော့ ဒါကို အရေးတကြီး လုပ်စမ်းပါဆိုတာ ပြောထိုက်၊ မပြောထိုက် ... (ပြောထိုက်ပါတယ် ဘုရား)။

## သစ္စဉာဏ်

ကိုင်း ... ဒါဖြင့် စပါတော့မယ်။ ဒကာ၊ ဒကာမတို့ အခုမှ တရားစမယ်။ သစ္စဉာဏ် စမယ်နော်။ သစ္စဉာဏ်စမယ်။ အားလုံး ဒကာ၊ ဒကာမတွေ ဘာဟောမယ် ... (သစ္စဉာဏ်ဟောပါ

မယ်) စိတ်ချနားကြီးကြီးနဲ့ ထောင်နော်။ ဒကာ၊ ဒကာမတွေ ဘယ် လောက်သတိပေးနေတယ်ဆိုတာ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

## မြင်စိတ်

နားကြီးကြီးနဲ့ နားထောင်ကြပါ ဒကာ၊ ဒကာမတို့နော်။ သစ္စာဉာဏ်ဆိုတဲ့ ဥစ္စာအားလုံး ဒကာ၊ ဒကာမတွေ မျက်လုံးထဲမှာ ခင်ဗျားတို့ အာရုံဒွါရ ဟိုကအဆင်းကလေးနဲ့ ဒီကမျက်လုံးအကြည် ရုပ်ကလေးနဲ့ သွားတိုက်တဲ့အခါ မြင်စိတ်တော့ပေါ်မယ် ... (ပေါ်ပါ တယ်ဘုရား)။

"စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"ပါဠိရွတ်နေရင် ကြာပါတယ် ... (မှန်ပါ့ဘုရား) မဟုတ်ဘူးလား ... (မှန်ပါ့) မြင်စိတ်ကလေးတစ်ခုတော့ မပေါ်ဘူးလား ... (ပေါ်ပါတယ်)။ အဲဒီ မြင်စိတ်ကလေးဟာ ဒကာ၊ ဒကာမတွေ မှတ်ထားလိုက်စမ်း၊ သူဟာ မြင်ရုံပင် မြင်တတ်တယ်။ ဒီ့ပြင် ဘာလုပ်တတ်သတုန်းမေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ ... (ဘာမှမလုပ်တတ်ပါဘုရား) ဘာမှမလုပ် တတ်ဘူးနော်။

ဒါဖြင့် သူ ဘာမှမလုပ်တတ်တဲ့ အဓိပ္ပာယ်ဆိုလို့ရှိရင်ဖြင့် သူ့နောက်က လုပ်တတ်တာတွေကဖြင့် ဩော် ... နောက်ပေါ်တဲ့ တရားတွေလို့ ဆုံးဖြတ်ချက်ချပါ ... (မှန်ပါ့) မြင်လို့လိုချင်တာ နောက်ပေါ်တဲ့တရား ... (မှန်ပါ့ဘုရား) မြင်လို့ ဒေါသဖြစ်တာ ... (နောက်ပေါ်တဲ့တရားပါဘုရား)။

ဒါဖြင့် ဒီမြင်စိတ်တစ်ခုမရှိတော့ဘူး ... (မရှိပါ) ရှိသေးရဲ့လား ... (မရှိပါဘုရား)။ ဒါဖြင့် ဒီမြင်စိတ်ကလေးဟာ ဒကာ၊ ဒကာမတို့ အာရုံ ဒွါရတိုက်တဲ့အခါ ပေါ်လည်းပေါ်တယ်။ ပျောက်လည်း ပျောက်တယ် ... (မှန်ပါ) မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ပေါ်လည်းပေါ်၊ ပျောက်လည်း ပျောက်သောကြောင့် ပေါ်တာက သေမလို့ပေါ်သောကြောင့် ဒုက္ခသစ္စာ၊ ပျက်သွားတာက သေပွဲဝင်လို့ ဒုက္ခသစ္စာ ... (မှန်ပါဘုရား)။ ပေါ်တာက သေဖို့ပေါ်သောကြောင့်ဘယ့်နှယ်ပြောမလဲ ... (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာနော် ... (မှန်ပါဘုရား)။ သဘောကျပလား ... (ကျပါပြီဘုရား)။ ပျက်သွားတာက သေပွဲဝင်သောကြောင့် ... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ဘာပေါ်ပေါ် ဒုက္ခသစ္စာသာ ပေါ်ရမယ် ... (မှန်ပါဘုရား)။ ရှင်းကြပလား ... (မှန်ပါ ရှင်းပါပြီ)။ ခင်ဗျားတို့ သန္တာန်ဘာပေါ်ပေါ် ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာပဲ ပေါ်ရမယ် ... (မှန်ပါ)။ ဒါကြောင့် "သံခိတ္တေနပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"လို့ ဟောပေတာပေါ့ ... (မှန်ပါဘုရား) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

## ဒုက္ခသစ္စာ

ဒါဖြင့် ဒကာ၊ ဒကာမတွေမှာ အဲဒီ မြင်စိတ်ကလေးတစ်ခုပဲ ပေါ်လာတယ်။ ပေါ်လာတာကလည်း သေမလို့ ပေါ်လာတာ ... (မှန်ပါ့ဘုရား)။ သေမလို့ပေါ်လာတော့ ဒကာ၊ ဒကာမတွေက အကဲ ခတ်ကြည့်တာပေါ့။ သေမလို့ ပေါ်လာသောကြောင့် ဒုက္ခသစ္စာ ... (မှန်ပါ့)။ ရှင်းပြီလား ... (မှန်ပါ့) ကောင်းပြီ။ သေသွားတဲ့အခါ ကျလို့ရှိရင် ခင်ဗျားတို့ တစ်တို၊ တစ်စ၊ တစ်ပိုင်း၊ တစ်စိတ်တောင်မှ အစရှာတွေ့ရဲ့လား ... (မတွေ့ပါဘုရား) မတွေ့သောကြောင့် သူလည်း အသေဆိုးသေသောကြောင့် ဒုက္ခသစ္စာ ... (ဒုက္ခသစ္စာပါ ဘုရား)။ ပေါ်လာတာကလည်း သေမလို့ပေါ်လာသောကြောင့် ... (ဒုက္ခသစ္စာပါဘုရား) သေသွားတဲ့အခါ တစ်တို၊ တစ်စ၊ တစ်ပိုင်း၊ တစ်စိတ် မကျန်ရစ်သောကြောင့်၊ အသေဆိုးသေသောကြောင့် သူ့ကို ဘာဆိုမတုန်း ... (ဒုက္ခသစ္စာပါ) ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ဘယ်ဓမ္မပေါ်လာလာ ဘာသစ္စာခေါ်မလဲ ... (ဒုက္ခသစ္စာပါဘုရား)။ အဲဒီ ဒုက္ခသစ္စာလေး၊ ဩော် ... ဒါသည် ဒုက္ခသစ္စာပဲ၊ ဒုက္ခက ဆင်းရဲတာ။ သစ္စာက မှန်တာ ... (မှန်ပါ့ဘုရား)။ ဖြစ်ဆင်းရဲ၊ ပျက်ဆင်းရဲ ... (မှန်လှ ပါဘုရား)။ ဒကာ၊ ဒကာမတွေ ဘာတဲ့တုန်း ... (ဖြစ်ဆင်းရဲ ပျက်ဆင်းရဲပါဘုရား)။

ဖြစ်ဆင်းရဲ၊ ပျက်ဆင်းရဲဆိုတာက ဒါက သံယုတ်ပါဠိတော်မှာ လာပါတယ်။ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံနိရုဇ္ဈ မာနံ နိရုဇ္ဈတိ" ... (မှန်ပါ့) ဟောတဲ့နေရာမှာ ဘယ်နေရာမှာ ဟောဟော ဒါဟောမှာပဲ ... (မှန်ပါ့)။ အေး ... ဒကာ၊ ဒကာမတွေ သဘောကျကြရဲ့လား ... (ကျပါတယ်ဘုရား)။ ခင်ဗျားတို့ သန္တာန်မှာ ဖြစ်ဆင်းရဲ၊ ပျက်ဆင်းရဲမှတစ်ပါး ချမ်းသာရှိပါသေးရဲ့လား ... (မရှိပါဘုရား)။

ဒါဖြင့် ဖြစ်ဆင်းရဲ ပျက်ဆင်းရဲက ဒုက္ခသစ္စာ ... (မှန်ပါ့ဘုရား)။ ဖြစ်ဆင်းရဲ ပျက်ဆင်းရဲပေါ်တိုင်း ပေါ်တိုင်း နောက်က ဉာဏ်ကလေးလိုက်ပေးစမ်းပါ ... (မှန်ပါ့ဘုရား) ဉာဏ်ကလေးလိုက်ပေးစမ်းပါ ... (ဉာဏ်လိုက်ရမှာ) ဒကာ၊ ဒကာမတို့ (ဘုရား) ဘာလိုက်မလဲ ...(ဉာဏ်လိုက်ရမယ်) ဉာဏ်လိုက်ရမယ် ... (မှန်ပါ့)။ အဲဒီဉာဏ်လိုက်လို့ရှိရင်ဖြင့် ဒီဉာဏ်သည် ဆင်းရဲကိုမြင်တဲ့ဉာဏ် ... (မှန်ပါ့ဘုရား)။

## လောကီမဂ္ဂသစ္စာ

ဒီဉာဏ်သည် ဘာပါလိမ့် ... (ဆင်းရဲကိုမြင်တဲ့ဉာဏ်ပါဘုရား) ဆင်းရဲကိုမြင်တဲ့ဉာဏ်၊ ဆင်းရဲတာက ဒုက္ခသစ္စာ ... (ဒုက္ခသစ္စာပါဘုရား) မြင်တာက မဂ္ဂသစ္စာ ... (မှန်ပါ့) လောကီမဂ္ဂသစ္စာပဲ ရှိသေးတယ်၊ လောကုတ္တရာနောက်မှ တက်ပေးရမယ် ... (မှန်လှပါဘုရား) သဘောကျပလား ... (ကျပါပြီဘုရား) လောကီမဂ္ဂသစ္စာပဲ ရှိသေးတယ် ... (မှန်လှပါဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတွေ ဒီတစ်လုံးမြင်တာဟာ ကိုယ့်အရှိကို ကိုယ်သိတာ ... (မှန်ပါ့) ကိုယ့်အရှိကို ... (ကိုယ်သိပါတယ်ဘုရား) ရှင်းပြီနော် ... (ရှင်းပါပြီဘုရား)။ ကိုယ့်အရှိကို ကိုယ်သိတယ်ဆိုတော့ ဒါဖြင့် နဂိုတုန်းက ဒကာ၊ ဒကာမတွေမှာ ကိုယ့်အရှိ ဒုက္ခသစ္စာကို ကိုယ်အသိမလိုက်တုန်းက ကန်းနေသပေါ့ ... (မှန်ပါ့ဘုရား)။ ဘာကန်းတာတုန်းဆိုတော့ သစ္စာမသိတဲ့အကန်း ... (မှန်ပါ့ဘုရား)။ သစ္စာမသိတဲ့အကန်းဆိုတော့ ဒုက္ခေ အညာဏံ ... (မှန်ပါ့ဘုရား) ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ အညာဏံ၊ မသိတာဘဲ။ မသိတာ ဘယ်သူတုန်းဆိုတော့ ဒုက္ခေအညာဏံ တရားကို ကောက်လိုက်ရင် အဝိဇ္ဇာပဲ ... (အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ခန္ဓာထဲပေါ်တဲ့ ဖြစ်မှုပျက်မှုတွေ မသိဘဲနဲ့ သေသွားတဲ့ ဒကာ၊ ဒကာမတွေဟာ မွေးတုန်းကလည်း အကန်း ... (အကန်းပါဘုရား)။ သေတော့ရော ... (အကန်းပါဘုရား)။ ဒါကြောင့် ဘုန်းကြီးက မသာဖိတ်တဲ့အခါ အကန်းမသာလို့ ဖိတ်ပါလို့ပြောတာ ဒကာ၊ ဒကာမတွေက နာသေးသလား ... (မနာပါဘုရား)။ ဒကာ၊ ဒကာမတွေ နာသေးသလား ... (မနာပါဘုရား)။ သြော် ... တို့ဆရာ သိပ်ပြောပါလားလို့ ခင်ဗျားတို့က ဆိုချင်သလား ... ကန်းတာက ပိုသလား ... (ကန်းတာကပိုပါတယ်) ကန်းတာက ပိုတယ်ဆိုတာ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

အဲဒါ မသိဘဲနဲ့ သေသွားမှာ အားလုံး ဒီအိမ်က ဒကာ၊ ဒကာမတွေကော၊ အခု ဆရာဒကာဖြစ်ပြီး ကြုံကြ၊ ဆုံကြတဲ့ ဒကာ၊ ဒကာမတွေရော အကန်းလေးမွေးပြီး အကန်းသေသွားမှာလောက် စိုးရိမ်တာမရှိဘူး ... (မှန်ပါ့ဘုရား)။ မျက်စိနှစ်ကွင်းအလင်းမရဘူး ... (မှန်ပါ့)။ သိပ်ကြောက်စရာမကောင်းဘူးလား ... (ကြောက်စရာ ကောင်းပါတယ်)။ အင်မတန်ကြောက်စရာကောင်းပါတယ် ... (မှန်ပါ့)။

အဲဒီတော့ ဒကာ၊ ဒကာမတွေ မျက်လုံးထဲမှာ မြင်တဲ့စိတ် ကလေးဟာ ဖြစ်ပြီး ပျက်သောကြောင့် ဒုက္ခသစ္စာ ... (ဒုက္ခသစ္စာပါ ဘုရား) ရှင်းပြီနော် ... (ရှင်းပါပြီ)။ ဒါကလေးကို နှလုံးသွင်းလိုက်တဲ့ အခါကျတော့ ဩော် မရှိဘူး။ မြင်စိတ်ကလေးဟာ မရှိတော့ဘူး။ အခုအခါ လိုချင်တဲ့စိတ်သာ ရှိတော့တယ်။ မြင်တဲ့စိတ်မရှိတော့ဘူး လို့ ကြားဖြတ်ကလေး သိလိုက်လို့ရှိရင်ဖြင့် အဲဒါမဂ္ဂသစ္စာခေါ်တယ် ... (မှန်ပါ့) မဖြစ်ဘူးလား ... (ဖြစ်ပါတယ်)။

ဒါဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိလုံးကလေးကရော ... (မဂ္ဂသစ္စာ)။ အဲဒီတော့ ခုနကမြင်လို့ လိုချင်တယ်ဆိုတဲ့ လောဘကို မဂ်ကဝင်တားတယ် ... (မှန်ပါ့) မတားဘူးလား ... (တားပါတယ် ဘုရား)။ မြင်လို့ဒေါသဖြစ်တယ်ဆိုတာရော လာသေးရဲ့လား ... (မလာပါဘုရား)။ မြင်တာကို ဒုက္ခသစ္စာလို့ မသိတဲ့ အဝိဇ္ဇာရော လာသေးရဲ့လား ... (မလာပါဘုရား)။ ပဋိစ္စသမုပ္ပာဒ်သုံးချက်စလုံး

ပြတ်တယ် ... (ပြတ်ပါတယ်ဘုရား)။ ရိပ်မိကြပလား ... (ရိပ်မိပါပြီ)။ ပဋိစ္စသမုပ္ပာဒ် ဘယ်နှချက်ပြတ်သတုန်း ... (သုံးချက်ပြတ်ပါတယ်ဘုရား) သုံးချက်ပြတ်တယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ဒုက္ခက္ခန္ဓသသ ဆိုတဲ့ ဒုက္ခအစုကြီးသုံးချက်စလုံး ပြတ်တယ် ... (မှန်ပါ့) မပြတ်ဘူးလား ... (ပြတ်ပါတယ် ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒီတစ်လုံးကြားရတာနဲ့ ခင်ဗျားတို့ ဉာဏ်နားနဲ့သာ ထောင်မယ်ဆိုရင် သေပျော်တယ် ... (မှန်လှပါဘုရား)။ ဘယ့်နှယ်ဖြေကြမလဲ ... (သေပျော်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုန်းဆိုတော့ အကန်းကမြင်လာတယ် ... (မှန်ပါ့) အကန်းက ဘာဖြစ်တယ် ... (မြင်လာပါတယ်ဘုရား) မြင်လာတော့ကို ဒကာ၊ ဒကာမတို့ ရိုးရိုးမြင်တာလား ... ဟုတ်လား။ ဟင်း ... ဆရာသမားဆီက အကူအညီနဲ့ မြင်တာလားလို့ မေးရင် ဒကာ၊ ဒကာမတွေ ဘယ့်နှယ်ဖြေကြမယ် ... (ဆရာသမား ဆီက အကူအညီနဲ့ မြင်တာပါဘုရား)။

## ဆရာသမားကောင်း

ဒါကြောင့် သောတာပန် တည်ချင်လို့ရှိရင် ကလျာဏ မိတ္တ၊ သပ္ပုရိ သူပသံသေဝ၊ မပါရင် ဘယ်တော့မှ မတည်ဘူးကွ၊ ဘုရားက ဟောချလိုက်တယ် ... (မှန်ပါ့) သောတာပန် တည်ချင်တဲ့

အင်္ဂါဟာ လေးပါးရှိတယ် ... (မှန်ပါ့ဘုရား) သူက ရှေးဦးစွာအရေးကြီးတယ် ... (မှန်ပါ့ဘုရား) ဆရာသမားကောင်းနှင့်တွေ့ဖို့ သိပ်အရေးကြီးတယ် ... (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ စဉ်းစားကြည့်ပါ။ မြင်စိတ်ကလေးဟာ စက္ခုဝိညာဏ်ဆိုတဲ့ဥစ္စာဟာ ဦးသူတော်က ဗဟုသုတရှိတော့ ခြေဉ် ... ဥပေက္ခာဆိုပါလား ဘုရား၊ မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား) ဥပေက္ခာကလေးပါလားတဲ့၊ ဥပေက္ခာဆိုတာ လိုချင်မှု၊ ရချင်မှု၊ ပြစ်မှားမှု ပါသေးသလား ... (မပါ,ပါဘုရား) မပါတော့တာကို မြင်တာပဲ ... (မှန်ပါ့) မြင်တာပဲဆိုပြီး ရပ်တယ် ... (မှန်ပါ့) မြင်ပြီးသကာလ သူ့နောက်က လိုက်တာတွေကသာ လောဘ၊ ဒေါသ၊ မောဟ လိုက်တာပဲ ... (မှန်ပါ့ဘုရား) သူ့နောက်က လိုက်တာ သူ ခုရှိသေးသလား ... (မရှိပါဘုရား) မြင်တာကလေးဟာ ဒုက္ခသစ္စာပဲလို့ သိလိုက်တဲ့နောက် သိလိုက်သည်နှင့် တစ်ပြိုင်နက်တည်းတဲ့၊ ဒကာ၊ ဒကာတို့ မြင်တာက မဂ္ဂသစ္စာ ... (မဂ္ဂသစ္စာပါ) မြင်တာက ... (မဂ္ဂသစ္စာပါဘုရား)။

## ရှေ့ပြေးမဂ်

မဂ္ဂသစ္စာ သွားတွေ့တော့ ဒါမဂ်အစစ်လားဘုရားလို့ မေးတဲ့အခါကျတော့ ဒီမဂ်က မဂ်အစစ်လို့ မပြောနိုင်သေးပါဘူး ... (မှန်ပါ့ဘုရား) သို့သော် ပုဗ္ဗဘာဂမဂ်လို့တော့ ပြောရမယ် ...

(မှန်ပါ့ဘုရား) ရှေ့ပြေးမဂ်လို့ ... (မှန်ပါ့, ရှေ့ပြေးမဂ်ပါဘုရား) ရှေ့ပြေးမဂ်တော့ ဟောရတော့မယ် ... (မှန်ပါ့) ဘာကြောင့် ရှေ့ပြေးမဂ် အရှင်ဘုရားက ဟောနိုင်ရတုန်း။ ဪ ... ကိလေသာ တဒင်္ဂတော့ သတ်ပြီကွ ... (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ ဘယ့်နှယ်ဖြေမတုန်း ... (ကိလေသာ တဒင်္ဂသတ်ပါတယ်) ကိလေသာ တဒင်္ဂသတ်တယ် ... (မှန်ပါ့ ဘုရား) အဲဒီတော့ ကိလေသာ တဒင်္ဂသတ်၊ တဒင်္ဂမှ မသတ်လို့ ရှိရင်ဖြင့် ခုနက သမုစ္ဆေဒဆိုတာ အမြစ်ပြတ်အောင် သတ်တဲ့ မဂ်ဉာဏ်လိုက်နိုင်ပါ့မလား ... (မလိုက်နိုင်ပါဘုရား) မလိုက်နိုင်တော့ ဒါ ဆရာသမားတာဝန်က ဒီမှာ ... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီ) ဟို ... အမြစ်ပါဖြတ်ဖို့၊ သတ်ဖို့ရာ အလုပ်ကတော့ ပွားများတဲ့အပေါ်မှာ မှီတယ် ... (မှန်ပါ့) မမှီဘူးလား ... (မှီပါတယ် ဘုရား)။

## ဧဟိပဿိကော

ကိုင်း ... ဒါဖြင့် ... ဒီ ဒကာ၊ ဒကာမတွေမှာ ခုနက မြင်တဲ့စိတ်ကလေးကိုပဲ မြင်ပြီးသည်နှင့်ထစ်ပြိုင်နက်တည်း ဖြစ်ပြီး ပျက်တာကို ခင်ဗျားတို့က ... (ဆင်ခြင်ပေးရမယ်) သူကတော့ဖြင့် တဲ့၊ ဒကာ၊ ဒကာမတွေ မှတ်လိုက်စမ်းပါ။ သူကတော့ဖြင့် ဦးမြကြီးတို့ ဟောဖူးပါတယ်။ "ဧဟိ၊ လာခဲ့ပါ၊ ပဿ၊ ငါ့ကိုရှုပါ" လို့ သူက ခေါ်နေတယ် ... (မှန်ပါ့၊ ခေါ်ပါတယ်ဘုရား)။

မြင်စိတ်ကလေးက (မှန်ပါ့ဘုရား)။

ဟေ် ... (လာခဲ့ပါ)။

ပဿ ... (ရှုလော့)။

ငါ့ကိုရှုပါ ... (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့က မရှုမိဘူး၊ ရှောင်လွှဲနေတော့ အဝိဇ္ဇာဝင်တယ် ... (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီ) ဒါဖြင့် ခင်ဗျားတို့ ရထားတဲ့ ဟေ်ပဿိကောဟာ၊ ဟေ်က လာခဲ့ပါ။ ပဿက ရှုပါဆို၊ မြင်စိတ်က ခေါ်လာတယ် ... (မှန်ပါ့) ကြားစိတ်ကရော ... (ပေါ်ပါတယ်ဘုရား)။

နို့ ... ခေါ်တာ ခင်ဗျားတို့ ဘယ့်နှယ်ကြောင့် မသွားတာတုန်းဆိုတော့ တပည့်တော် မသွားတတ်လို့ပေါ့ ... (မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား ... (ဆိုထိုက်ပါတယ်ဘုရား) မသွားတတ်တာလည်း သူခေါ်ရာကို မသွားတတ်တာသည် ခေါ်တာလည်း မကြားလို့ပေါ့ ... (မှန်ပါ့) မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား) ခေါ်တာမကြားတာက အဝိဇ္ဇာ၊ ခေါ်တာ မကြားတာက ... (အဝိဇ္ဇာ) ဒါဖြင့် ဒကာ၊ ဒကာမတို့ သွားပြီ ... (မှန်ပါ့) အဝိဇ္ဇာ ပစ္စယာ သင်္ခါရာလှည့်သွားပြီ ... (မှန်လှပါဘုရား) မလှည့်သေးဘူးလား ... (လှည့်ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ခင်ဗျားတို့ ဒီနေ့ည တရား ထူးထူးလည်လည် ဟောနေတယ်လို့ ခင်ဗျားတို့

က "တို့ မန္တလေးက ဆရာသမားပင့်လာတာ ထူးထူးလည်လည် နာရလိမ့်မယ်" လို့ အောက်မေ့မနေနဲ့၊ ဟေ့ပဿီကော သဘောကျ ရင်တော်ပြီ ... (မှန်လှပါဘုရား) သဘောပါကျပလား ... (ပါ, ပါပြီဘုရား)။

ဟေ့က ဘာတုန်း ... (လာလှည့်ပါဘုရား)။

ပဿကရော ... (ရှုလှည့်ပါဘုရား)။

သူက လာပြီး ရှုပါလို့ခေါ်နေတယ် ... (မှန်ပါ့) ဒီမြင်စိတ် ကလေးက ကျုပ်သဘောကို ကြည့်ကြစမ်းပါ ... (မှန်ပါ့) ကျုပ်ကို ရှုကြစမ်းပါ။ မပြောဘူးလား ... (ပြောပါတယ်ဘုရား) ပြောမှ ခင်ဗျားတို့က ကျောခိုင်းနေတယ် ... (မှန်ပါ့ဘုရား) သဘောပါပ လား ... (ပါ, ပါပြီဘုရား) ကျောခိုင်းနေတာ ဘယ်သူပါလိမ့် လက်သည်ရှာ အဝိဇ္ဇာ။

ဒါဖြင့် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဘက်လှည့်သွားပြီ ... (လှည့်သွားပါပြီ) ဒါဖြင့် ခင်ဗျားတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရတာ ဘာဖြစ်လို့ပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့ ဟေ့ပဿီကော ခေါ်ရာမလိုက်လို့၊ သဘောကျပလား ... (ကျပါပြီဘုရား) ဘယ်သူ ခေါ်ရာ မလိုက်လို့လဲ ... (ဟေ့ပဿီကော၊ ခေါ်ရာမလိုက်လို့) အဲဒီတော့ ဘုရားက ဟေ့ ဟာခဲ့ပါ၊ ပဿရှုပါလို့ ဒီမြင်စိတ်ကလေး ကလည်း ခေါ်တာပဲ ကြားစိတ်ကလေးကရော ... (ခေါ်တာပါပဲ) အနံ့ခေါ်တာပဲ၊ ကြဲစိတ် စီစိတ်ကံ့ရော ... (ခေါ်ပါတယ်ဘုရား)။

ဩော် ... ခင်ဗျားတို့ ခေါ်ရာမသွား မခေါ်ရာသွားလို့ အပါယ်ရောက်နေတယ် ... (မှန်ပါ) ရိပ်မိပလား ... (ရိပ်မိပါပြီ)။

ခေါ်ရာကိုတော့ ... (မသွားပါဘုရား)။

မခေါ်ရာကိုတော့ ... (သွားပါတယ်ဘုရား)။

## လောကွတ်များလို့ အပါယ်သွားနေတာ

အံမာ ... တယ် လောကွတ်များတဲ့လူတွေပါကလား ... (မှန်ပါဘုရား) လောကွတ်များလို့ အပါယ်သွားနေတာ ... (မှန်ပါဘုရား) ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ နာရီကလည်း သိပ်ပြီးတော့ ပြောချိန်မရဘူး။ တစ်နာရီကလည်း ပြည့်တော့မယ်။ ၁၀ မိနစ်လောက်ပဲ လိုတော့တယ် ... (မှန်ပါ) ခင်ဗျားတို့ သေသေချာချာ မှတ်ပါ။ "ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ပါ" ... (မှန်ပါ) ဘယ့်နှယ်လဲ ... (သန္ဒိဋ္ဌိကောနဲ့လိုက်ပါ)။

## သန္ဒိဋ္ဌိကော

သန္ဒိဋ္ဌိကောဆိုတာကလေး နည်းနည်းရှင်းပေးပါဦးမယ်။ ၁၀ မိနစ်အတွင်းမှာ။

သန္ဒိဋ္ဌိကောတိ သာမံ ပဿိတဗ္ဗော။

သာမံ၊ ကိုယ်တိုင်၊ ပဿိတဗ္ဗော၊ မြင်အောင်ကြည့်ပါ ... (မှန်ပါ) မြင်အောင်ရှုပါ ... (မှန်ပါဘုရား)။

ခေါ်တာ ခေါ်တဲ့ဆီ မြင်အောင်ကြည့်ပါ။ ရိပ်မိကြပလား ... (ရိပ်မိပါပြီ) ခေါ်တဲ့ဆီကို ... (မြင်အောင်ကြည့်ရပါမယ် ဘုရား) ဒါဖြင့် ပေါင်းကြစို့ ... (မှန်ပါ့ဘုရား)။

ဖော် ပဿိကောက ဘာပါလိမ့် ... (လာခဲ့လို့) လာခဲ့လို့ ခေါ်တာ၊ လာလှည့်၊ ရှုလှည့်ဆိုတော့ စာသံ ပေသံ ပါနေမှာ စိုးလို့ ... (မှန်ပါ့ဘုရား) ဟုတ်လား ... (မှန်ပါ့) ဖော်၊ လာခဲ့ပါ၊ ပဿ၊ ရှုပါ၊ လာရှုစမ်းပါ ... (မှန်ပါ့) သဘောကျပလား ... (ကျပါတယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့က လာရှုပါဆိုတဲ့ ဥစ္စာကို ဘာနဲ့သွားရှုရမှာတုန်း ဘုရားဆိုတော့၊ သာမံ ပဿိတဗ္ဗော၊ သာမံ၊ ကိုယ်တိုင်။ ပဿိတဗ္ဗော၊ မြင်အောင်ရှုလိုက်စမ်းပါ ... (မှန်ပါ့ဘုရား) ရှင်းပလား ... (ရှင်းပါပြီဘုရား) သာမံ ကိုယ်တိုင်။ ပဿိတဗ္ဗောက ... (ရှုရမယ်) မြင်အောင်ရှုပေးပါ။

ဒါဖြင့် ဖော်ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်... (မှန်ပါ့ဘုရား) ရှင်းပလား ... (ရှင်းပါပြီ) ဖော်ပဿိကော ခေါ်ရာကို ... (သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်) အဲဒါ ခင်ဗျားတို့ ချွတ်ယွင်းချက်က ဖော်ပဿိကောကလည်း အာပေါက်အောင် ခေါ်တာ။ သန္ဒိဋ္ဌိကောက လည်း ကျောချည်းခိုင်းတယ် ... (မှန်ပါ့ဘုရား) ဪ ဒါဖြင့် နိဗ္ဗာန်ရောက်ပါ့မလားလို့ မေးလိမ့်မယ် ... (နိဗ္ဗာန်မရောက်ပါဘုရား) ရှင်းကြပလား ... (ရှင်းပါပြီ) ဘယ်နည်းနဲ့မှ မရောက်ဘူး ... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဒီဥစ္စာ "ဟေဝိ ပသိကော သန္ဒိဋ္ဌိကော အကာလိကော၊ ဟေဝိပဿိကော" အလုပ်စဉ်ရယ်လို့ကို မမှတ်ဘူး။ တရားပူဇော်တာလို့ မှတ်တယ် ... (မှန်ပါ့ဘုရား) ရှင်းကြပလား ... (ရှင်းပါပြီဘုရား) ဘာလုပ်နေကြသလဲ ... (တရားပူဇော်နေကြတယ်)။

ဩော် ... ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားတာက ပူဇော်ဖို့ ဟောတာလား။ ဟေဝိ၊ လာခဲ့ပါ။ ပဿ၊ ရှုပါလို့ ဟောတာလား ... (လာပါ ရှုပါလို့ ဟောတာပါဘုရား) လာခဲ့ လာပြီး ရှုလို့ ... (မှန်ပါ့ဘုရား) မဟောဘူးလား ... (ဟောပါတယ်ဘုရား) အဲဒါကို ခင်ဗျားတို့က လာရှုရမယ့်ဥစ္စာ ကိုယ်တော်ကြီး ကျေးဇူးတင်လိုက်တာဆိုတော့ အလွဲသုံးနေတယ် ... (မှန်ပါ့ဘုရား) သဘောကျရဲ့လား ... (ကျပါတယ်ဘုရား)။

ဘာသုံးနေကြတယ် ... (အလွဲသုံးနေကြပါတယ်ဘုရား) အလွဲသုံးလို့မှ အပါယ်မရောက်လို့ရှိရင်တော့ မတတ်နိုင်တော့ဘူး ... (မှန်ပါ့ဘုရား)၊ အတော်ဆိုးရွားသွားတယ်ဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီ) အေး ... ဒါကြောင့် ဒီ ဒကာ၊ ဒကာမတွေကို သုံးလုံးတည်း ဟောပါတယ်လို့မှတ်ပါ ... (မှန်ပါ့)။

ဟေဝိပဿိကောက အခေါ်သမား။

သန္ဒိဋ္ဌိကောက အရှုသမား။

ပြီးတော့မှ ငါသည် ဖောပဿိကော ခေါ်ရာကိုအဖြစ် အပျက်က ခေါ်ရာကို၊ သန္ဒိဋ္ဌိကော သာမံ ပဿိတဗ္ဗောနှင့် ကိုယ်တိုင် ဆိုတာ ဉာဏ်ကိုဆိုပါတယ် ... (မှန်လှပါဘုရား) အဲဒီဉာဏ်နဲ့သာ ရှုပေးစမ်းပါ။

ဉာဏ်နဲ့ ရှုလို့ရှိရင်ဖြင့် အကာလိကော အခါမလင့် အကျိုးပေးမယ်ကွ ... (မှန်ပါ့ဘုရား) ဘာတဲ့တုံး ... (အခါမလင့် အကျိုးပေးပါမယ်ဘုရား) ပေး မပေး ဘုန်းကြီးရှင်းပြမယ် ... (မှန်ပါ့ဘုရား) ခင်ဗျားတို့ ပေး မပေး ချက်ချင်းရှင်းပြမယ်နော်။ ဘယ်လိုရှင်းပြရမတုန်းလို့ မေးတဲ့အခါကျတော့ ကဲ ... ထုံးစံအတိုင်း ကတော့ မြင်တယ်။ လိုချင်တယ်။ စွဲလမ်းတယ်။ အားထုတ်တယ် ... (မှန်ပါ့)။

# သုံးခုလိုက်ရင်ကံမြောက်ပြီ

ဒီသုံးခုမလိုက်ဘူးလား ... (လိုက်ပါတယ်ဘုရား) အဲဒီတော့ သုံးခုလိုက်ရင်တော့ ကံမြောက်ပြီ ... (မြောက်ပါပြီ) သုံးခုလိုက်ရင် ကံမြောက်ပါပြီ။

ကဲ ... ဒါဖြင့် မြင်တဲ့စိတ်ကလေးကို ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ခင်ဗျားတို့က ဖြတ်ပြီး ဉာဏ်နဲ့လိုက်၊ လိုက်ပါ ... (မှန်ပါ့ဘုရား) အဲဒီတော့ကို ဖောပဿိကော ခေါ်ရာကို ဉာဏ်နဲ့လိုက် လိုက်တဲ့ အတွက် သန္ဒိဋ္ဌိကော မဖြစ်ဘူးလား ... (ဖြစ်ပါတယ်) အကာလိ

ကောဆိုတော့ တဏှာ၊ ဥပါဒါန်၊ ကံလည်း ချက်ချင်းသေတယ်၊ မသေဘူးလား ... (သေပါတယ်ဘုရား)။

## ဝိပဿနာမဂ်

ဒါဖြင့် တဏှာ၊ ဥပါဒါန်၊ ကံ၊ သေတာ ငါ အပါယ်သွား ဦးမှာလားလို့ မေးဖို့လိုသေးလား ... (မလိုပါဘုရား)။ ဒါ ခင်ဗျားတို့ ဘယ့်နှယ်ကြောင့် ဒီအသေ သေရပါလိမ့်မတုန်းဆိုတော့၊ အို ... ဝိပဿနာမဂ်က သတ်ချလိုက်တာ ... (မှန်လှပါ) ဘယ်သူက သတ်ချလိုက်တာတုန်း ... (ဝိပဿနာမဂ်က သတ်ချလိုက်တာပါ ဘုရား) ဝိပဿနာမဂ် နည်းတဲ့သတ္တိမဟုတ်ဘူး ... (မှန်ပါ့ ဘုရား) ဒါမလုပ်ဘဲနဲ့ ခင်ဗျားတို့ အပါယ်လွတ်လိမ့်မယ်လို့ ဘယ်ဘုရားမှ မဟောဘူး ... (မှန်ပါ့ဘုရား) ဟောနိုင်ပါ့မလား ... (မဟောနိုင်ပါ ဘုရား)။

ဒါနလုပ်နေရင်လည်း ဝမ်းမြောက်ပါတယ်။ ဘုန်းကြီးတို့ အလှူခံစားပဲ။ ဒါနလုပ်ဝမ်းသာတာပေါ့။ မဟုတ်ဘူးလား ... (မှန်ပါ့) သီလဆောက်တည်နေရင်၊ ဩော် ... သီလဆောက်တည်တယ် ဆိုရင်ဖြင့် ကျောင်းလာမှာပဲ။ လာရင်ဖြင့် ဆွမ်းတို့ ကွမ်းတို့တော့ဖြင့် ကျောင်းမှာ၊ ဒါနလည်း ပါလာမှာပဲလို့ ဝမ်းသာရမှာပေါ့ ... (မှန်ပါ့) မဟုတ်သေးဘူးတဲ့၊ ဒါနဲ့ မပြီးသေးဘူးတဲ့ ... (မှန်ပါ့ဘုရား) ပြီးကြ ပါ့မလား ... (မပြီးပါ) မပြီးသေးဘူးတဲ့၊ အများကြီးလိုနေတယ် ... (မှန်ပါ့ဘုရား)။

## အကာလိကော

အဲဒီတော့ကို ယနေ့ပြောတာက ဟေဝိပဿိကော ခေါ်ရာကို ဘာနဲ့လိုက်ရမလဲ ... (သန္ဒိဋ္ဌိကောနဲ့) သန္ဒိဋ္ဌိကောနဲ့လိုက်ရင် ဘယ်လိုအကျိုးပေးမလဲ ... (အကာလိကောပေးပါတယ်) အခါမလင့် အကျိုးပေးတယ် ... (မှန်ပါ့ဘုရား)။

အဲဒီ အခါမလင့် အကျိုးပေးမှာကို ခင်ဗျားတို့ကို ဘုန်းကြီးက တန်ဆာဆင်ပြီးမှ မန္တလေးက ထွင်လာတာလား။ ခင်ဗျားတို့ ရပြီးသား ရှင်းပေးတာလား ... (ရပြီးသား ရှင်းပေးတာပါဘုရား) ရပြီးသား ရှင်းပေးတယ် ... (မှန်ပါ့) သို့သော် ... ခင်ဗျားတို့ နဂိုက သောက်ဆေးကြီးတွေကို လိမ်းဆေးလုပ်နေတယ်၊ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က နဂိုက ဘာလုပ်နေသလဲ ... လိမ်းဆေးလုပ်နေပါတယ်၊ လိမ်းဆေးလုပ်နေတယ်ဆိုတာ ဓမ္မာနုဿတိပွားလုပ်နေတာ ... (မှန်ပါ့ဘုရား) ဘယ့်နှယ်လုပ်နေသတုန်း ... (ဓမ္မာနုဿတိပွားလုပ်နေပါတယ်) ဓမ္မာနုဿတိဆိုတော့ သမထဘက် သွားပေါ့ ... (မှန်ပါ့) ခုလို လာတိုင်းလာတိုင်း ရှုပေးမယ်ဆိုတော့ ဝိပဿနာဘက် သွားလုပ်နေတယ် ... (မှန်ပါ့ဘုရား)။

ကဲ ... ဟောပုံသာ သေသေချာချာ စဉ်းစားကြည့်တော့ ဓမ္မာနုဿတိ သန်သန်ဟောတာလား။ ဘုရားပါဠိကြည့် ... (မှန်ပါ့)

ဝိပဿနာလုပ်ပုံ သန်သန်ဟောတာလား ... (ဝိပဿနာလုပ်ဖို့ သန်သန်ဟောတာပါဘုရား)။ အတော်ဆိုးနေတယ်။ မဆိုးဘူးလား ဆိုးသလား ... (ဆိုးပါတယ်)။

အဲဒါကြောင့် ခင်ဗျားတို့ကို ဦးသံဒိုင်ကလည်း သူကျေးဇူး ပြုပြီးသကာလ သူပင့်တယ်။ ကျောင်းအမှတ် သီတင်းသုံးပါလို့၊ ဒီ ဒကာ၊ ဒကာမတွေကိုလည်း အင်မတန်မှ ကျေးဇူးများစေချင်လို့ သာ ပင့်တာပဲ ... (မှန်ပါ့ဘုရား) သဘောပါကြရဲ့လား ... (ပါ,ပါပြီဘုရား) ကဲ ... ဒီနေ့ သုံးလုံးတည်းဟောတယ် ... (မှန်ပါ့) ဧဟိပဿိကော တစ်ချက်ဟောတယ် ... (မှန်ပါ့)သဘောကျ ရဲ့လား ... (ကျပါပြီ)။

အဲဒါ ဘာနဲ့လိုက်မလဲ ... (သန္ဒိဋ္ဌိကောနဲ့) သန္ဒိဋ္ဌိကောနဲ့ လိုက်, လိုက်လို့ရှိရင် ခင်ဗျားတို့ မနက်ဖြန်မှ အကျိုးပေးမလား ရှုရင်း အကျိုးပေးမလား ... (ရှုရင်းအကျိုးပေးပါတယ်ဘုရား) ဘာတဲ့တုန်း ... ပါဠိတော်က ... (အကာလိကောပါ) အကာ လိကော နကာလန္တရေဝိပါကော ... (မှန်ပါ့ဘုရား) နကာလန္တရေ၊ ကာလမခြားဘဲနဲ့၊ ဝိပါကော၊ အကျိုးကိုပေး၏။ ဆိုတော့ ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ ပဋိစ္စသမုပ္ပာဒ် ဆက်နိုင်သေးရဲ့လား ... (မဆက်နိုင်ပါ ဘုရား)။

မဆက်နိုင်ရင် ဟိုဘက်က ဒုက္ခက္ခန္ဓသ လာသလား ... မလာဘူးလား ... (မလာပါဘုရား)။

ဒုက္ခခပ်သိမ်း ကင်းငြိမ်းရပါလို၏ဆိုပြီး သကာလ ခင်ဗျားတို့ ဆုတောင်းရုံ ဆုတောင်းနေရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာမသိလို့ရှိရင် ဒုက္ခကင်းငြိမ်းမယ်လို့ ငါလည်း မဟောဘူး။ ငါ့နောင်တော်ဘုရားတွေလည်း ဟောမသွားဘူး … (မှန်ပါ့ဘုရား) ငါ့နောင်တော်တွေ ဟောရဲ့လား … (မဟောပါဘုရား) မဟောဘူး။

## ဒီအချိန်အကောင်းဆုံး

ဒါဖြင့် ဒကာ၊ ဒကာမတို့ … ခင်ဗျားတို့ သန္တာန်ထဲမှာ နောက်တော့ အကွက်ချပြီးတော့သင်မယ်။ ကျေးဇူးများအောင်လို့ ရှက်ဆောင်မှာပေါ့လေ … (မှန်ပါ့) ကျုပ်တို့ ခန္ဓာကိုယ်ကလည်း အနတ္တ၊ ခင်ဗျားတို့ကလည်း အနတ္တ … (အနတ္တပါဘုရား)၊ အနတ္တ အနတ္တချင်း ထေးနေတာ … (မှန်လှပါဘုရား)၊ အနတ္တ၊ အနတ္တချင်း ထေးနေတာ။ ဒကာ၊ ဒကာမတွေသဘောကျရဲ့လား … (ကျပါတယ်ဘုရား) သင်ပေးနိုင်လိမ့်မယ်လို့ ထင်သလား … (ထင်ပါတယ်) မထင်ဘူး၊ မထင်ဘူး၊ ဒီအချိန် အကောင်းဆုံးမှတ်ပါ … (မှန်ပါ့ဘုရား)။

ဒီနေ့ သုံးလုံးဟောသွားတယ်။ ဩော် … ဒီသုံးလုံးနဲ့ အလုပ်လုပ်ရင် နိဗ္ဗာန်ရောက်တယ် … (မှန်ပါ့ဘုရား) နိဗ္ဗာန်ဆိုတာ တခြားလား၊ ပဋိစ္စသမုပ္ပာဒ်ပြတ်တာကို ဆိုတာလား … (ပဋိစ္စ သမုပ္ပာဒ်ပြတ်တာကိုဆိုတာပါဘုရား) နိဗ္ဗာန်သေသေချာချာမှတ် … (မှန်ပါ့) နိဗ္ဗာန်ဆိုတာ မြို့ကြီးလား ပြကြီးလား၊ ဒုက္ခတွေ မလာတာ

ဆိုတာ အဲဒါ ... (ဒုက္ခတွေမလာတာဆိုတာပါဘုရား)၊ ဒုက္ခတွေ မလာတာဆိုတာ ... (မှန်ပါ့) ဒုက္ခဖြစ်ကြောင်းတွေ မလာဘူး။ ဒုက္ခတွေရော ... (မလာတာပါဘုရား)။

ကဲ ... ရှင်းဦးမယ်။ အဲဒီဥစ္စာ ဒကာ၊ ဒကာမတို့ မြင်စိတ်ကလေးဟာ မြင်ပြီးတော့ ပျက်သွားတာကို ဟိုက ပေဟိပဿိကော်နဲ့ ခေါ်ပြီ ပျက်သွားတဲ့ခမ္မက ... (မှန်ပါ့) သဘောကျရဲ့လား ... (ကျပါတယ်ဘုရား) အဲဒါ ဘာနဲ့လိုက်မတုန်း ... (သန္တိဋ္ဌိကောနဲ့ပါ) သန္တိဋ္ဌိကောဆိုတော့ သာမံပဿိတဖွောဉာဏ်နဲ့လိုက် ... (မှန်ပါ့ဘုရား) ဉာဏ်နဲ့လိုက်, လိုက်တဲ့အခါကျတော့ကို ... တဲ့။ တဏှာ ဥပါဒါန် ကံ ချက်ချင်းမချုပ်ဘူးလား ... (ချုပ်ပါတယ်ဘုရား)။

ဒါ အကာလိကော သဘောကျပလား ... (ကျပါပြီဘုရား) အခါမလင့် အကျိုးပေးချလိုက်တာ ရက်ဆိုင်းသေးသလား ... (မဆိုင်းပါ) အခုရှု အခုအကျိုးပေးတာ ... (မှန်ပါ့ဘုရား) အဲဒီတော့ကို စဉ်းစားလိုက်တော့ တဏှာချုပ်တာက တဏှာ ဥပါဒါန်ချုပ်တာ၊ ကိလေသာဝဋ်ကျွတ်တယ် ... (မှန်ပါ့ဘုရား)ဟို ကံက လာသေးရဲ့လား ... (မလာပါဘုရား)။

ဒါက ကမ္မဝဋ်ကျွတ်တယ် ... (မှန်ပါ့) နောက်ဘဝဇာတိ ဇရာ မရဏ လာသေးသလား ... (မလာပါဘုရား) အဲဒါဝိပါကဝဋ်ကျွတ်သွားတာပေါ့ ... (ဝိပါကဝဋ်ကျွတ်သွားတာပါ) ဝဋ်သုံးပါးမှ ကျွတ်ရပါလို၏ ဆုတောင်းရမှာလား၊ လုပ်ရမှာလား ... (လုပ်ရမှာပါဘုရား)။

၅၂ မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်တရား

အမယ်လေး ခင်ဗျားတို့ပြောရတာ မလွယ်ဘူးနော် ... (မှန်ပါ) မလွယ်ဘူး။ ခင်ဗျားတို့က ဘုရားရှေ့ ဝင်္ဂဘဝတိုတိုနဲ့ ကိုယ့်ပါးစပ်က ရှည်နေတာတော့ သိတာမဟုတ်ဘူး။ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား) အင်မတန်ဆိုးဝါးတယ်ဆိုတာ ပေါ်ပြီနော် ... (မှန်ပါဘုရား) မသိတာတွေ သိပ်များတာ ... (မှန်ပါ့ဘုရား) မသိတာတွေက သိပ်များပါတယ်။

ပြီးတော့ ဘုန်းကြီးဆီမှာ တရားနာကြတယ်။ ခင်ဗျားတို့ ကုသိုလ်ဖြစ်အောင် မနာနဲ့ ဦးမြ ... (မှန်ပါ့ဘုရား) ခင်ဗျားတို့ ရှေးထုံးကို ဖျက်လိုက်ပါ ... (မှန်ပါ့ဘုရား) ကုသိုလ်ဖြစ်အောင်တော့ မနာနဲ့ ... (မှန်ပါ) သဘောကျရဲ့လား ... (ကျပါပြီဘုရား) သစ္စာသိချင်ရင်တော့ နာ ... (မှန်ပါ့ဘုရား) ကုသိုလ်ဖြစ်ချင်ရင် ရေအိုးစင်သွားတည်ဗျ ... (မှန်ပါ) ကုသိုလ်ဖြစ်နေတာပဲ ... (မှန်ပါ) သဘောကျပလား ... (ကျပါတယ်ဘုရား)။

# သစ္စာသိတာ ကံပြတ်တာ

ဟိုနားသွား တံမြက်စည်းလှည်းတာပေါ့ဗျာ။ အဝင်ပေါက် နံနက်ဘုန်းကြီးတွေ ထွက်ဦးမှာပဲ ... (မှန်ပါ) အဲဒါ ကုသိုလ်ဖြစ် ပါတယ် မလိုချင်ဘူး ... (မှန်ပါ) နိဗ္ဗာန်မရောက်သေးဘူး ... (မှန်ပါ) ကုသိုလ်ဖြစ်ချင်ရင် လွယ်တယ် ... (မှန်ပါ) သစ္စာသိဖို့က ခက်တယ် ... (မှန်ပါ) ကုသိုလ်ဖြစ်တာက ကံဆက်တာ၊ သစ္စာသိ တာက ကံပြတ်တာ ... (မှန်ပါ)။

ဒါကိုခွဲရဦးမှာ ... (မှန်ပါ့ဘုရား) ရိပ်မိပလား ... (ရိပ်မိပါပြီ) ကုသိုလ်ဖြစ်တာက ဘာတဲ့တုန်း ... (ကံဆက်တာပါဘုရား) ဟင်းအင်း အခုပြောတဲ့ သစ္စာသိတာက ဘာတုန်း ... (ကံဖြတ်တာပါ) ခင်ဗျားတို့ကို ရှင်းရှင်းကလေးပြောပါ့မယ်။ ဘုရားဟော ဝေသန္တရာ မင်းလက်ထက်မှာ သိပ်လှူတယ် ... (မှန်ပါ့) တိုင်းပြည်ပါလှူတယ် ... (မှန်ပါ့) အဲဒီကံတွေ အကျိုးပေးမှာစိုးလို့ပေါ့။ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ မဂ်အလုပ် လုပ်ရတယ် ... (မှန်ပါ့ဘုရား)အဲဒီတော့မှ ကံတွေပြတ်တယ် ... (မှန်ပါ့)။

## ကံဆက်ရင် ဒုက္ခရောက်မယ်

အဲဒီတော့ ကုသလာကုသလံဖဟံ ... (မှန်ပါ့) သူ့ လူဆိုးကြီးဘဝတုန်းက လုပ်ခဲ့တဲ့ အကုသိုလ်တွေလည်း အဲဒီမှာ အကုန်ဖြတ်တယ်... (မှန်လှပါ) သူလုပ်ထားတဲ့ ကုသိုလ်တွေရော ... (ပြတ်ပါတယ်ဘုရား) အဲဒီဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ပြတ်တယ် ... (မှန်ပါ့) ကံပြတ်လို့ ဘုရားဖြစ်တာ ... (မှန်ပါ့ဘုရား) ရိပ်မိပလား ... (ရိပ်မိပါပြီ)ခင်ဗျားတို့က ငါးချည်းလွှတ်နေ၊ ကံဆက်နေတယ်၊ ဖြစ်မှာမဟုတ်ပါဘူး။ ရိပ်မိပလား ... (ရိပ်မိပါပြီ) ကံဆက်ရင် ဒုက္ခရောက်မယ်နော် ... (ရောက်ပါလိမ့်မယ်) မယုံရွှတ်ကြည့် ကမ္ဘာဘဝပစ္စယာ ... (ဇာတိပါဘုရား)။

# မင်္ဂလာကို ကြိုးစားပါ

ကဲ ... ဆက်သွားတာမြင်လိုက်ပလား ... (မှန်လှပါဘုရား) ဇာတိပစ္စယာ ... (ဇရာမရဏာပါဘုရား) ဆက်ချင်သေးသလား ... (မဆက်ချင်ပါဘုရား) ကဲ ဒါဖြင့် မင်္ဂလာကို ကြိုးစားပါ ... (မှန်ပါ့ဘုရား) ဒကာ၊ ဒကာမတွေနော် ... (မှန်ပါ့) ဘာကြိုးစားရမတဲ့ ... (မင်္ဂလာကြိုးစားရမယ်) သူလည်းကံပဲ ... (မှန်ပါ့) သို့သော် ကံပေမယ့် သူက သူများဖြတ်တဲ့ကံ ... (မှန်ပါ့) ဒီကံမျိုးလုပ်ကောင်းတယ် ... (လုပ်ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ဝဋ္ဋကုသိုလ်နဲ့ ဝိဝဋ္ဋကုသိုလ်မကွဲမှာ သိပ်စိုးရိမ်တယ် ... (မှန်ပါ့ဘုရား) ခင်ဗျားတို့ ဆွမ်းကပ်တယ်၊ ဟောဒီခန္ဓာဝန်ထဲမှာရှိတဲ့ ဒုက္ခသစ္စာကို ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏ ဆိုရင် မနက်ဖြန်ဘာနဲ့ကပ်ကပ် သိပ်အဖိုးတန်တယ် ... (မှန်ပါ့)။

ဒီလိုပဲ ပေါ်များရပါစေလို့ရှိရင်သွားပြီ။ အသေရှာတာပဲ ... (မှန်ပါ့) ရိပ်မိပလား ... (ရိပ်မိပါပြီ) အင်မတန်ကြောက်စရာ မကောင်းဘူးလား ... (ကြောက်စရာကောင်းပါတယ်) ကိုင်း ... နာရီကလည်း စေ့သွားလို့ တော်ကြဦးစို့။ မနက်ဖြန်မှ ဟောမယ် ... (မှန်ပါ့)။

သာဓု ... သာဓု ... သာဓု